# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင်ကြိုးပမ်း

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် မောင်တို့မယ်တို့အနေဖြင့် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှတစ်ဆင့် စူးစမ်းလေ့လာမှုများ ပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

- **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများ ရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်**
- **အဆိုပါ မိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်**

❖ *ရွှေဖိုးမှ*

အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ မိမိအတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း အကျိုးရှိစေသည့် ရေကြောင်း၊ လေကြောင်း ပညာရပ်ဆိုင်ရာ လူငယ်သင်တန်းအသီးသီးကို လေ့လာသင်ယူတက်ရောက်ခဲ့ကြသည့် နိုင်ငံတစ်ဝန်းမှ မောင်မယ်များနှင့်တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားခြင်းဖြစ်ကြောင်း။

ယခုသင်တန်းများကို ၂၀၁၄ ခုနှစ်၌ စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအထိ သင်တန်း ၉ ကြိမ်ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် သင်တန်းသားတစ်ဦးကို သင်တန်းတစ်ကြိမ်သာတက်ရောက်နိုင်ရန်စီစဉ်ခဲ့သော်လည်း နောက်ပိုင်းတွင် သင်တန်းတက်ရောက်ပြီးလူငယ်များ၊ သင်တန်းမတက်ရသေးသည့် လူငယ်များ၏ ထက်သန်သည့် စိတ်ပါဝင်စားမှုနှင့် တင်ပြမှုများကြောင့် သင်တန်းတက်ရောက်ပြီး လူငယ်များကို နောက်နှစ်တွင် သင်တန်းဆက်တက်နိုင်ရန် တန်းမြင့်သင်တန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အထိ အခြေခံရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၉ ကြိမ်၊ သင်တန်းသား ၈၄၄၆ ဦး၊ တန်းမြင့်ရေကြောင်း၊ လေကြောင်းလူငယ်သင်တန်း ၈ ကြိမ်၊ သင်တန်းသား ၁၆၄၄ ဦး စုစုပေါင်း လူငယ် ၁၀၀၉၀ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း။

သင်တန်းဖွင့်လှစ်ရသည့်မူလရည်မှန်းချက်များ အောင်မြင်ခဲ့ရုံသာမက သင်တန်းကာလတွင် **နိုင်ငံ၏ဒေသအသီးသီးမှ လူငယ်များသည် သင်တန်းအတူတက်ရောက်ခွင့်၊ အတူပူးပေါင်းဆောင်ရွက်ခွင့်၊ အတွေ့အကြုံဗဟုသုတဖလှယ်ခွင့်များရရှိခဲ့ပြီး စိတ်တူကိုယ်တူ မိတ်ကောင်းဆွေကောင်းများ ရရှိခဲ့ကြခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်**ကြောင်း၊ **အဆိုပါ မိတ်ကောင်းဆွေကောင်း အသိုက်အဝန်းမှတစ်ဆင့် သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အသိုက်အဝန်းများထပ်တိုးပြီး ဖလှယ်ခွင့်ရရှိခြင်းကြောင့် လူငယ်ဘဝ၌ပင် ကျယ်ပြန့်သည့် လူမှုဆက်ဆံရေးနယ်ပယ်များကို ရရှိလာမည်ဖြစ်**ကြောင်း။

### မိတ်ဆွေကောင်း၏အရေးပါမှု

နိုင်ငံတော်ကိုတည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးတည်ချက်(၉)ရပ်တွင် ပြဋ္ဌာန်းထားသည့် လူမှုရေးကဏ္ဍ၌ လူငယ်များနှင့် ပတ်သက်ပြီး **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူ၍ ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ဗလငါးတန်အနက် မိတ္တဗလဟူသည်မှာ လူရယ်လို့ဖြစ်လာပါက မိတ်ကောင်းဆွေမွန်ရှိရန်လိုအပ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာဖေးမမှု၊ အမှားတွေ့ပါက စေတနာဖြင့် ဝေဖန်ထောက်ပြမှုစသည်တို့သည် မိတ်ဆွေအချင်းချင်းပြုမူပေးတတ်သည့် အလေ့အကျင့်ကောင်းများပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့မိတ်ဆွေကောင်းများကို ပိုင်ဆိုင်ခြင်းအားဖြင့် မိမိတို့ဖြတ်သန်းရမည့် အနာဂတ်ဘဝကို ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ကြမည်ပင်ဖြစ်ကြောင်း။

လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန်အရေးကြီးသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မိမိတို့နိုင်ငံတော်ကြီးသည်လည်း မိတ်ဆွေကောင်းများပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေများနှင့်ပတ်သက်ပြီး အမှန်တရားဘက်က အရှိအတိုင်းရပ်တည်ပေးသည့်နိုင်ငံများသည် နိုင်ငံတော်၏ မိတ်ဆွေကောင်းများပင်ဖြစ်ကြကြောင်း။

မကြာခင်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကို မောင်တို့မယ်တို့လည်း သိရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးရန်ရောက်လာသည့် မိတ်ဆွေကောင်းနိုင်ငံများ၊ ဝမ်းနည်းစာနာကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များ၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်နေထိုင်ရေးကဏ္ဍစုံတွင် ပံ့ပိုးကူညီပေးကြသည့် အဖွဲ့အစည်းများနှင့် နိုင်ငံများသည် မိမိတို့ နိုင်ငံအတွက်မိတ်ဆွေကောင်းများဟု ဆိုရမည်ဖြစ်ကြောင်း။

### လူငယ်ဘဝကတည်းက အသိမှန် အတွေးမှန် ရှိကြရန်လို

စာအုပ်စာပေများသည်လည်း လူသားတို့၏ မိတ်ဆွေများဖြစ်ကြောင်း၊ လူများ၏စိတ်ကို နူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ်ဗဟုသုတ မြင့်မားစေသည့် သုတစာပေများကို ဖတ်ရှုလေ့လာပြီး မိမိ၏ဘဝ အစဉ်တိုးတက်နေအောင် ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန်လို

**ဒီမြေမှာမွေး ဒီမြေမှာကြီးပြင်းခဲ့ကြသူများပီပီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကိုကောင်းစွာသိရှိနားလည်ထားရမည်ဖြစ်**ကြောင်း၊ ခိုင်မာသည့်သမိုင်းအထောက်အထားများအရ မိမိတို့နိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၁၀၀ (ဘီစီ ၁ ရာစု) ခန့်ကတည်းက မြို့ပြနိုင်ငံများ စတင်ထူထောင်နေထိုင်ခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၁၀၀ ခန့်က ပုဂံအင်ပါယာကို စတင်ထူထောင်ခဲ့ပြီးနောက်ပိုင်းတွင် တိုင်းရင်းသားပေါင်းစုံစုစည်းပြီး ကိုယ့်မင်း၊ ကိုယ်ချင်းနှင့် ရပ်တည်ခဲ့သည့် ဘုရင့်နိုင်ငံဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ ရှည်လျားလှသော်လည်း အဆိုပါခေတ်က ခေတ်နှင့်လျော်ညီသည့် ခေတ်မီပညာရပ်များ သင်ကြားသင်ယူမှုမရှိနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်များမရှိခြင်း၊ စည်းလုံးညီညွတ်မှု အားနည်းခြင်းများကြောင့် ခေတ်မီနိုင်ငံ၊ ခေတ်မီလူ့အဖွဲ့အစည်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် အားနည်းခဲ့ကြရကြောင်း၊ ***စာမျက်နှာ ၄ သို့***





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် သမိုင်းအစဉ်အလာကြီးမားသည့် မိမိတို့နိုင်ငံသည် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးသည် မျိုးချစ်လူငယ်များက ခေတ်မီတပ်မတော်တစ်ရပ်ထူထောင်ပြီး ပြည်သူလူထု၏ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းကြိုးပမ်းမှုများကြောင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးအတွက် ပြည်သူများ၊ တပ်မတော်သားများ အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ပြီး စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ **လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ကိုလိုနီနယ်ချဲ့များ၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးများ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် “ တိုင်းပြည်က နုနု၊ မုန်တိုင်းကထန်ထန်” ဆိုသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့်ကြုံတွေ့ခဲ့ရကြောင်း၊ ရက်ပိုင်း၊ လပိုင်းသာရှိသေးသည့် လွတ်လပ်ရေးသစ်ပင်သည် အသီးအပွင့်မမြင်ရသေးခင်မှာပင် အမြစ်ကဆွဲနုတ်ခံရမည့်အဖြစ်မျိုးကြုံခဲ့ရ**ကြောင်း၊ တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ခက်ခက်ခဲခဲလွတ်လပ်ရေးကို ကာကွယ်ခဲ့ရကြောင်း၊ ပြည်တွင်းသောင်းကျန်းမှု၊ ပြည်ပကူမင်တန်ကျူးကျော်မှုများနှိမ်နင်းအပြီးတွင် နိုင်ငံရေးအားနည်းချက်များ၊ ပြည်ပ ပယောဂများကြောင့် တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်နှင့် ကြုံတွေ့ရပြန်ကြောင်း၊ **အမြစ်က နုတ်ခံရမည့် လွတ်လပ်ရေးသစ်ပင်ကို ခက်ခက်ခဲခဲကြိုးပမ်းကာကွယ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အပိုင်းပိုင်းဖြတ်မည့်အန္တရာယ်နှင့် ထပ်မံကြုံတွေ့ရခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး နိုင်ငံရေးစုစည်းညီညွတ်မှု၊ လူမှုရေးနှင့် စီးပွားရေးစည်းလုံးညီညွတ်မှုရရှိစေရေးအတွက် ဗဟိုကွပ်ကဲအုပ်ချုပ်မှုနှင့် နိုင်ငံကို ပြန်လည်စုစည်းတည်ဆောက်ခဲ့ရကြောင်း။

ဗဟိုကွပ်ကဲအုပ်ချုပ်မှုတွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းရှိခဲ့ကြောင်း၊ စုစည်းသည့်နိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်ခဲ့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထိုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်း ပြည်ပအဖျက်သမားများသည် နှစ်ရှည်လများ နည်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ရယူခဲ့ရပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ ကူးပြောင်းနိုင်ရန် တည်ဆောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုနေရာတွင် သတိပြုမိရန်ကလည်း ပြည်ပ၏ပယောဂပင်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးချိန်ကတည်းက မတည်မငြိမ်ဖြစ်အောင် စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သည့် အဆိုပါအင်အားစုများနှင့် ၎င်းတို့၏အဆက်အနွယ်များကပင် အဆိုပါကိစ္စကို နှပ်ကြောင်းပေးဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ အချိန်မရွေးဝင်ရောက်စွက်ဖက်၍ ကောင်းစေရန် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ယင်းကိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ **အဖျက်သမားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းသိမ်းထားသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဟန်ချက်ညီမှု၊ လူမှုစီးပွားဘဝ ဟန်ချက်ညီမှုများကို သိရှိကြကြောင်း၊ အဆိုပါဟန်ချက်ညီမှုများကို ဖျက်ဆီးနိုင်မှသာ ၎င်းတို့၏ယုတ်မာသည့် နိုင်ငံတော်ပြိုကွဲစေရေးအကြံအစည်များနှင့် ဒေသအတွင်း မြန်မာကို တည်ကြက်ထားပြီး ၎င်းတို့ထိန်းချုပ်လိုသည့်နိုင်ငံများကို ထိန်းချုပ်လိုသည့် အကြံအစည်များအား အကောင်အထည်ဖော်နိုင်မည်ကို သိရှိကြကြောင်း၊ ယင်းကို ၎င်းတို့စဉ်ဆက်မပြတ်ဆောင်ရွက်နေကြသည်ကို မိမိတို့နိုင်ငံသားများအားလုံးက သိရှိသတိရှိကြရမည် ဖြစ်ကြောင်း။**

- **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်လို**
- **ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်ထားကြောင်း၊ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်နေရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတုန်းကကဲ့သို့ သမိုင်းတွင် အရုပ်ဆိုးအကျည်းတန်သည့် အဖြစ်မျိုးများ၊ ရွေးကောက်ပွဲမတိုင်မီ ကာလတွင်လည်း ဒီမိုကရေစီအမည်ခံဥပဒေမဲ့လုပ်ဆောင်မှုများ၊ အာဏာရှင်ဆန်ဆန်လုပ်ဆောင်မှုများကြောင့် တိုင်းပြည်၏ စည်းလုံးညီညွတ်မှု၊ ဟန်ချက်ညီရပ်တည်မှုများ ပြိုကွဲမည့်အဖြစ်များ ထပ်မံမဖြစ်ပေါ်စေရေး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံသားတိုင်းသည် မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကိုသိရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ဦးဆောင်လူငယ်များအဖြစ် ပါဝင်ကြရန်**လိုကြောင်း။

တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသည့် စကားနှင့်အညီ **ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်းကြသူများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ**ကြကြောင်း၊ အလားတူမိမိအပေါ်ပြုဖူးသည့် ကျေးဇူးမှန်သမျှကိုလည်း အစဉ်အသိအမှတ်ပြုနိုင်မှသာ လူပီသပြီး လူ့အဖွဲ့အစည်းက အသိအမှတ်ပြုခံရသည့် လူသားများဖြစ်လာကြမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန် **“ ပညာရွှေအိုး လူမခိုး”** ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ်ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရှိသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မငုရီကိုကိုနှင့် လေကြောင်းလူငယ်သင်တန်းမှ မသုရတနာအောင်တို့က အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့်

*စာမျက်နှာ ၅ သို့*


ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသည်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာစဉ်။

## ရေကြောင်း တို့လူငယ်

❖ မြန်မာ့ပင်လယ် ကာကွယ်မယ်
ရေကြောင်း တို့လူငယ်
သိဖွယ် တတ်ဖွယ် ပညာများ
လိုက်နာလို့မှတ်သား။

❖ ကျောင်းသူကျောင်းသား များလူငယ်
တိုင်းပြည်ဂုဏ်မြှင့်မယ်။
လူငယ်နှင့်ပင်လယ် ထိတွေ့ခွင့်
သမီးတို့ သဲတစ်ပွင့်။

❖ သဲပွင့်များးစွာ စုစည်းကာ
နိုင်ငံအတွက်ပါ။
နိုင်ငံတော်မှာ တည်တံ့မြဲ
သမီးတို့ တာဝန်ပဲ။

❖ နိုင်ငံ့အကြီးအကဲ စေတနာ
သမီးတို့ ဂုဏ်ယူတာ။
လက်ဆယ်ဖြာ ဦးထိပ်ထား
ရှိသေမြတ်လေးစား။



❖ ကတိစကား ပြောချင်တာ
သမီးတို့ ရင်ထဲမှာ။
တစ်နေ့ချိန်ခါ တာဝန်ထမ်း
နိုင်ငံအတွက် မျှော်ရည်မှန်း။
သမီးတို့ စိတ်လန်းဆန်း။ ။

ငုရီကိုကို

ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသူ မငုရီကိုကို ရေးသားသည့်ကဗျာအား ဂုဏ်ပြုဖော်ပြအပ်ပါသည်။

*စာမျက်နှာ ၄ မှ*
အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း (၁/၂၀၂၅) တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ဦးစွာရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မိမိတို့ရေကြောင်း၊ လေကြောင်း လူငယ်မောင်မယ်များအနေဖြင့် နွေရာသီအားလပ်ရက်ကာလများတွင် အနာဂတ်နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားခွင့်ရရှိခဲ့ပြီး ဒေသအသီးသီးမှ လူငယ်မောင်မယ်များနှင့် တစ်စုတစ်စည်းတည်းတွေ့ဆုံခွင့်ရရှိသည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများမှရရှိခဲ့သည့် အသိပညာဗဟုသုတများသည် မိမိတို့လူငယ်မောင်မယ်များ ဆက်လက်လျှောက်လှမ်းကြရမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုသွားမည်ဖြစ်သည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာစွမ်းဆောင်ပေးနိုင်သောတက်ကြွသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့်လေကြောင်း လူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဖေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့် အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီဘာရှာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဝန်ကြီးဌာနအင်ဂျင်နီယာအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာအဆောက်အအုံများသို့ပြောင်းရွှေ့နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား ယာယီဘာရှာအဆောက်အအုံများသို့ ပြောင်းရွှေ့နေရာချထားမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ယာယီဘာရှာအဆောက်အအုံများတွင်နေထိုင်သည့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ သောက်ရေသန့် ရရှိရေးအတွက် ရေသန့်စက်နှင့် ကျောက်စိမ်းအိမ်ရာ ယာယီဘာရှာအဆောက်အအုံအသစ်တို့ကို အမွှေးနံ့သာများ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့ နေထိုင်မှုကိုကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများတွင် နေထိုင်ကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရေ၊ မီး၊ မိလ္လာများကို စည်းကမ်းရှိရှိသုံးစွဲကြရန်၊ စွန့်ပစ်ပစ္စည်းများ သတ်မှတ်နေရာများ၌ စနစ်တကျစွန့်ပစ်ကြရန်၊ မိုးရာသီကျရောက်လာပြီဖြစ်သည့်အတွက် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် နေထိုင်စားသောက်မှုများကို ကျန်းမာရေးအသိ၊ သတိဖြင့် အထူးအလေးထား ပြုမူနေထိုင်ကြရန်၊ ယာယီအဆောက်အအုံအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ယာယီအဆောက်အအုံ ဧရိယာအတွင်း ရေမဝပ်စေရေးအတွက်ဆောင်ရွက်ထားရှိသည့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်ရှိသည်များကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများ အတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်နေမှု၊ လျှပ်စစ်မီး တပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် အမှိုက်ကန်များ ဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံများ အပြီးသတ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တိုက်ကြီးမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ လုပ်ပိုင်ခွင့်ရလုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားစဉ်။

- **မွေးမြူရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီအကြံပြုခြင်းများ၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြရန်လို၊ မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို**
- **တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့ တာဝန်ယူဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျနှင့် သိပ္ပံနည်းကျမွေးမြူရေးသို့ ရှေ့ရှုလုပ်ဆောင်ကြရန်လို**

❖ *ကျောဖုံးမှ*

ဆောင်ရွက်ထားရှိမှုနှင့် လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်အမှာစကားပြောကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နှင့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားကြောင်း၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုက်ကြီးမွေးမြူရေးဇုန်အနေဖြင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ၇ ဒသမ ၃ သန်းကျော် နေထိုင်လုပ်ကိုင်စားသောက်ကြရာ တိုင်းဒေသကြီးအတွင်းမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ လုံလောက်ခြင်းမရှိသည့်အတွက် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို မှီခိုအားထားနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူများအား စားရေရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဇုန်အလိုက် စနစ်တကျ တိုးချဲ့ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ မိမိဒေသအတွင်းရှိ ပြည်သူများအတွက် စားကုန်၊ သောက်ကုန်နှင့် လူသုံးကုန်များ ဖူလုံမှုရှိစေရန် ယခု တိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်၍ စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မွေးမြူရေးဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းရှင်များ မွေးမြူရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများကလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီအကြံပြုခြင်းများ၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ပြင် မွေးမြူရေးနှင့်ပတ်သက်၍ တိရစ္ဆာန်များအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိရစ္ဆာန်များကို မွေးမြူခြင်းဖြစ်သဖြင့် ဇီဝကာကွယ်မှုလုပ်ငန်း Biosecurity သည်လည်း အဓိကအရေးကြီးကြောင်း၊ ဇီဝရောဂါ ကူးစက်မှုများသည် လူများဝင်ထွက်သွားလာမှု စနစ်မကျခြင်းမှတစ်ဆင့် စတင်ကူးစက်ပြီး တိရစ္ဆာန်အချင်းချင်း ကူးစက်မှုဖြစ်သဖြင့် ဂေဟစနစ်ကို သိရှိပြီး ကြိုတင်ကာကွယ်မှုများကို စတင်ထူထောင်စဉ်ကပင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

**လှောင်မွေးစနစ်သည်အကောင်းဆုံးဖြစ်**

မွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်များအတွက် အစာအာဟာရလုံလောက်စွာ ရရှိရေးသည် အရေးကြီးကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင် လွတ်ကြောင်းစနစ်၊ လှောင်မွေးစနစ်နှင့် အဆိုပါနှစ်ခုကိုပေါင်းစပ်၍ Hybrid စနစ်ဖြင့် မွေးမြူခြင်းများရှိကြောင်း၊ ထိုအထဲတွင် လှောင်မွေးစနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ လှောင်မွေးစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက နေ့စဉ်ကျွေးရမည့် တိရစ္ဆာန်အစာနှင့် ဖြည့်စွက်များ လိုအပ်ကြောင်း၊ အဆိုပါလိုအပ်သည့် အစာများထဲမှ ဖြည့်စွက်စာများကို မိမိတို့ဇုန်အတွင်း၌ပင် စဉ်ဆက်မပြတ် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဇုန်အတွင်း သတ်မှတ်လျာထားပြည့်မီအောင် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် မွေးမြူရေးဇုန်နှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များကလည်း မိမိတို့ တာဝန်ယူဆောင်ရွက်သွားကြမည့် လုပ်ငန်းကဏ္ဍအလိုက် ထဲထဲဝင်ဝင် စနစ်တကျနှင့် သိပ္ပံနည်းကျမွေးမြူရေးသို့ ရှေ့ရှုလုပ်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများ လုပ်မည်ဆိုပါက ရေနှင့်မီးသည် အဓိကလိုအပ်သည့် အချက်များပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေနှင့်မီး ရရှိရေး ဆောင်ရွက်ပေးထားသည်ကိုတွေ့ရှိရကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိပါက လုပ်ငန်းရှင်များအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား တစ်ပိုင်တစ်နိုင် ထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ပြင် မိမိတို့မြို့နယ် နိမိတ်အလိုက် ယခုမိုးရာသီမှစတင်၍ အကြီးမြန်သည့် သစ်ပင်များကို နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် အပင်သုံးတန်းကို Zigzag စနစ်ပုံစံဖြင့် စတင်စိုက်ပျိုးကြရန်လိုကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် အပင်များသည် တိရစ္ဆာန်များနှင့် အဆောက်အအုံများအတွက် သဘာဝဘေးအန္တရာယ်များကို အထိုက်အလျောက် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ တိုက်ကြီးမွေးမြူရေးဇုန်ကို စံပြမွေးမြူရေးဇုန်ဖြစ်ရန် သတ်မှတ်ကာလအလိုက် လုပ်ငန်းများ အပိုင်းလိုက် စီမံချက်များရေးဆွဲ၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း။

**ရင်းနှီးမတည်ငွေများလိုအပ်**

ဇုန်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရင်းနှီးမတည်ငွေများ လိုအပ်ပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အရင်းမပျောက် မတည်ငွေ၊ MSME ချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို ချေးယူရရှိနိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန် ပြန်လည်ပေးဆပ်ရန်လိုကြောင်းနှင့် တိုက်ကြီးမွေးမြူရေးဇုန်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ တိုးတက်အောင်မြင်စေရေး အားလုံးက မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း သက်ဆိုင်ရာကုမ္ပဏီများအလိုက် မွေးမြူရေးလုပ်ငန်းများအတွက် ဝက်ခြံများနှင့် ကြက်ခြံများအပါအဝင် အခြားအဆောက်အအုံများ အကောင်အထည်ဖော်တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု စားရေရိက္ခာဖူလုံရေးနှင့် ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးမွေးမြူရေးဇုန်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုက်ကြီးမွေးမြူရေးဇုန်ကို မြေဧက ၂၁၀၁ ဒသမ ၀၄ ဧကပေါ်တွင် မွေးမြူရေးလုပ်ငန်းများ အပိုင်းအလိုက် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာ မြေပြင်အသေးစိတ်တိုင်းတာခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ လုပ်ကွက်များ သတ်မှတ်ပေးခြင်း၊ ရေအရင်းအမြစ် ရရှိရေးလုပ်ငန်းနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ပြီး လက်ရှိအခြေအနေတွင် မွေးမြူရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဇုန်အတွင်း လုပ်ငန်းရှင်များက အသားစားကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ အသားစားကြက်၊ ဥစားကြက်၊ နို့စားနွား၊ အသားစားနွား၊ ဘဲ၊ မျိုးဘဲမ၊ ငုံး၊ ငန်း၊ ငါးနှင့် ဇီဝဓိုးငှက် မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကိစ္စရပ်များကို နေ့ညမပြတ် ထူထောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/မွေးမြူရေးစခန်းများဆိုင်ရာ အချက်အလက်များ၊ အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများနှင့်

*စာမျက်နှာ ၇ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၄)စိုက်ပျိုး/မွေးမြူရေးစခန်းရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်ရှိ ဘက်စုံ စိုက်ပျိုး/မွေးမြူရေးစခန်းများဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၆ မှ*

ခြံများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည် မိသားစုများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က ဘက်စုံစိုက်ပျိုး/ မွေးမြူရေးစခန်းများမှ ထွက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည် လတ်ဆတ်ပြီး အာဟာရပြည့်ဝမှုရှိရန်လိုကြောင်း၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများအား ပြင်ပပေါက်ဈေးထက် သက်သာစွာ ရောင်းချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမြတ်ကို အဓိကမထားဘဲ သက်သာချောင်ချိရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်း တိရစ္ဆာန်အစာများ စနစ်တကျ ကျွေးမွေးရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာတွင် ကုသရေးပိုင်းနှင့် မွေးမြူရေးပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်မတော်သားများ၊ မိသားစုများအားလုံး စားရေရိက္ခာလုံလောက်မှု ဖူလုံသည်အထိ၊ ငွေးမှတစ်ဆင့် ပိုလျှံသည်အထိ ပိုမိုတိုးမြှင့် ထုတ်လုပ်နိုင်ရေး ကာလအလိုက်၊ အပိုင်းအလိုက် စီမံချက်များ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် အမှတ် (၄) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ နို့စားနွားများ မွေးမြူထားရှိမှုများနှင့် အမှတ် (၃) စိုက်ပျိုး/မွေးမြူရေးစခန်းရှိ Novogen Brown ဥစားကြက်၊ Evaporated Cool-ing System ဖြင့် အဆင့်မြင့်အသားတိုးဝက်နှင့် ကာကီကင်းဘဲ မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ Grade-12 ကျောင်းသား ကျောင်းသူများ စခန်းသွင်းပညာသင်ကြားမှု ကြည့်ရှုစစ်ဆေး၊ ယာယီနေရပ်စွန့်ခွာသူပြည်သူများအား တွေ့ဆုံအားပေး ထောက်ပံ့

**မြစ်ကြီးနား မေ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ယနေ့ နံနက်ပိုင်းတွင် ရောက်ရှိပြီး မြစ်ကြီးနားမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး Grade-12 ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် စခန်းသွင်း လေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး မြို့ပေါ်အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်းမှ Grade-12 ကျောင်းသား ကျောင်းသူ ၄၁၀ တို့အား အခြေခံပညာ ဆရာ ဆရာမများက ဘာသာရပ်အလိုက် ပြန်လည်သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းခန်းမ၌ စခန်းဝင်ကျောင်းသားကျောင်းသူများအား နေ့လယ်စာ/ညစာ ကျွေးမွေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းခြောက်ကျောင်းမှ Grade-12 ကျောင်းသား ကျောင်းသူ ၄၂၁ ဦးတို့အား စခန်းသွင်း လေ့ကျင့် သင်ကြားပေးလျက်ရှိသော အခြေအနေများနှင့် နေ့လယ်စာကျွေးမွေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က Grade-12 ကျောင်းသားလူငယ်အားလုံး ပထမအကြိမ် ဖြေဆိုသည့်စာရင်းရှိအတိုင်း ပြန်လည်ဖြေဆိုနိုင်ရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရက ပြည်နယ်အစိုးရအဖွဲ့ထံ လျှောင်ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် ယာယီတဲအိမ်များနှင့် မိုးကာလိပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရထံမှ ပေးပို့လှူဒါန်းလာသော ယာယီတဲအိမ် (အဆောင်သေး) အစုံ ၁၀၀ နှင့် မိုးကာလိပ် ၃၁၂ လိပ်ကို ကိုယ်စားလှယ်အဖွဲ့ထံမှ လက်ခံရယူပြီး ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ စက်မှုရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပထမနှစ်စက်ဝန်း၊ ဒုတိယနှစ် စက်ဝန်းမှ မတည်ရန်ပုံငွေကျပ်သိန်း ၂၀၀၀ ကျော်ဖြင့် လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့သည့် “ဖြိုးဝေဝေ” စက္ကူနှင့် စာအုပ်ထုတ်လုပ်ရေးလုပ်ငန်းသို့ သွားရောက်ကြပြီး စက်ရုံအတွင်း နှစ်ဖက်ချော ကျောင်းသုံးဗလာစာအုပ်များ၊ အကြမ်းစာအုပ်များ၊ တစ်ရှူးနှင့် ကတ်ထူစက္ကူများအား လည်ပတ်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာမှ ယာယီတိမ်းရှောင်လာသော အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် မန်ခိန်ရပ်ကွက် ကချင်ပြည်နယ်လွှတ်တော်ရုံးအနောက်ဘက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ပိုင် မြေနေရာ၌ နေရာချထားပေးမှုအခြေအနေအားသွားရောက်ကြည့်ရှု အားပေးထောက်ပံ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အဆိုပါစခန်းအတွင်းရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ ၂၈၁ ဦးတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ဆန် ၂၄ ပြည်ပါ ဆန်အိတ် ၅၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဆီပိဿာ ၅၀၊ ရေသန့်ကတ် ၅၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၊ အသင့်စားဆန်ပြုတ်ထုပ် ၁၂ ဖာနှင့် အသားချောင်း ၁၀ ဖာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြရာ စခန်းတာဝန်ခံက လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါ မြေနေရာအတွင်း ချီဖွေခရိုင်မှ ဌာနဆိုင်ရာ အရာထမ်း /အမှုထမ်းများအတွက် နေရာချထားပေးနိုင်ရေး ယာယီတဲအိမ်များ တည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ မိုးမကျမီ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးနှင့် ဝန်ထမ်းများအား စနစ်တကျ ရွှေ့ပြောင်းနေရာချထားပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲသို့တက်ရောက်

နေပြည်တော် မေ ၂၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် စာရေးကိရိယာများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ဝန်ထမ်းမိဘများ တက်ရောက်ကြသည်။






အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မေ ၂၂ ရက်တွင် စတင်ကျောင်းအပ်နှံရမည်ဖြစ်ကြောင်း၊ ကျောင်းစတင်အပ်နှံသည်နှင့် နိုင်ငံတော်အစိုးရက ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် သက်ဆိုင်ရာအတန်းအလိုက် ဖတ်စာအုပ်(Text Book) အပြည့်အစုံ၊ လေ့ကျင့်ခန်းစာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံ၊ ခဲတံ၊ ဘောပင်များကို အခမဲ့ ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံကြေး၊ အခြားအသုံးစရိတ် မည်သည့်စရိတ်မှ ပေးသွင်းရန် မလိုကြောင်း၊ ကျောင်းသားမိဘများ စိတ်ချမ်းသာစွာဖြင့် ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးထားပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကျောင်းတက်ရာတွင် စာကြိုးစားကြရန်နှင့် ပညာကို တက်မြောက်အောင်သင်ကြားကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးအမြဲကောင်းမွန်နေရန် လိုအပ်ပြီး ကျန်းမာမှ ကောင်းစွာပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ကျောင်းစာအပြင် အားကစား၊ အနုပညာ၊ အထွေထွေဗဟုသုတစသည်တို့ကိုလည်း တတ်မြောက်အောင် သင်ကြားလေ့ကျင့်သွားစေလိုကြောင်း၊ ဗလ ၅ တန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်လာရန် မိဘများ၊ တာဝန်ရှိသူများက အမြဲတမ်းစောင့်ကြည့်ကြပ်မတ်ပံ့ပိုးပေးသွားရန် လိုအပ်ကြောင်း၊ မိမိ မိသားစုအတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း အားကိုးအားထားပြုရမည့် ပညာတတ်များဖြစ်အောင် ရည်မှန်းချက်ထားကြိုးစားသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ်၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန်၊ အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၂၁

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ-ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့ကို တက်ရောက်သည်။**




အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဩစတြေးလျနိုင်ငံ ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ နယူးဇီလန်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဝန်ကြီးများက ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးများတွင် လက်ရှိ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများနှင့် အခြေအနေများ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပေါင်းစည်းမှုတို့အပေါ် အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထောက်ခံရေး၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတင်းမာမှုများကို ကမ္ဘာ့နိုင်ငံများအကြား ဖြေရှင်းရေးတို့အပါအဝင် အာဆီယံ - တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ - ဩစတြေးလျ - နယူးဇီလန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုအားကောင်းစေနိုင်သည့် အစီအစဉ်များအပေါ် ဆွေးနွေးကြသည်။

## ထပ်မံအတည်ပြု

အစည်းအဝေး၌ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ပွင့်လင်းမြင်သာပြီး လွတ်လပ်၍ အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံ နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထပ်မံအတည်ပြုကြသည်။ ထို့ပြင် နိုင်ငံများအကြား ဖြစ်ပေါ်လာသည့် ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများကို နှစ်ဖက်ဘက်ညီမျှတမှု၊ အပြန်အလှန်နားလည်မှုနှင့် အကျိုးစီးပွားဖြစ်ထွန်းနိုင်မှုများကို အခြေခံ၍ ညှိနှိုင်းဖြေရှင်းရန် ထပ်မံအတည်ပြုသည်။

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေများကြောင့် ဒေသတွင်းထောက်ပံ့မှုကွင်းဆက်တွင် စိန်ခေါ်မှုများရှိနေကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများအနေဖြင့် စည်းမျဉ်းအခြေခံသောကုန်သွယ်ရေးစနစ်ကို ပိုမိုအားကောင်းအောင် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှု၊ ဆန်းသစ်တီထွင်မှုတို့ကို မြှင့်တင်နိုင်ပြီး စီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အားလုံးအကျိုးဝင်စေမည်ဖြစ်ကြောင်း၊ ယနေ့ခေတ် ကုန်သွယ်မှုစိန်ခေါ်မှုများကို ဖြေရှင်း၍ အခွင့်အလမ်းများကို ဆုပ်ကိုင်ကာ မျှတသည့်ကမ္ဘာ့ကုန်သွယ်မှုကို မြှင့်တင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် စည်းမျဉ်းအခြေခံသည့် နိုင်ငံစုံကုန်သွယ်မှုစနစ်ကိုထောက်ခံကြောင်း၊ အခြားသော အာဆီယံနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက အတူတကွပူးပေါင်းဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြုပါကြောင်း၊ အနာဂတ်တွင် ဒေသတွင်းစီးပွားရေး ကြံ့ကြံ့ခံနိုင်စေရေးအတွက် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်၊ အာဆီယံ - တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (၃.၀)၊ အာဆီယံ - ဩစတြေးလျ - နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်နှင့် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု စသည့်သဘောတူစာချုပ်များအောက်မှ အတူတကွ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်းတို့ကို အလေးပေးပြောကြားသည်။

ထို့နောက် အစည်းအဝေးများတွင် အာဆီယံ - တရုတ် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၊ အာဆီယံ - ဩစတြေးလျ - နယူးဇီလန်စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံ - ဂျပန် စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးတို့၏ ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

| ယနေ့ မိုးလေဝသ (၂၂-၅-၂၀၂၅) | နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|---|
| | မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ | နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ | မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ |

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းမိသားစုများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၂၁

**၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင် ဝန်ထမ်းများ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။**





အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏ သားသမီးများဖြစ်သည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၃၂၆၁ ဦးအတွက် ပညာ သင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်ရာ တပ်ဖွဲ့/ဦးစီးဌာနအလိုက် ကျောင်းသား ကျောင်းသူများက လက်ခံသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား (ကျောင်းသား ကျောင်းသူ) တစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် မူလတန်းကျောင်းသား ကျောင်းသူ ၁၆၁၈ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၆၇၄ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၆၄၇ ဦး၊ တက္ကသိုလ်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၃၂၂ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၃၂၆၁ ဦးတို့ကို ပထမအကြိမ်အဖြစ် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၄၉ ဒသမ ၈၉ သန်းနှင့် ကျောင်းသုံးဗလာစာအုပ် ၂၉၃၇ ဒါဇင်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၂၁

**မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး Lotte Hotel ၌ ကျင်းပပြုလုပ်သည်။**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နာယကများနှင့် ဥက္ကဋ္ဌ၊ အကြံပေးများ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက ဘက်စုံထူးချွန်၍ စွမ်းရည်ပြည့်ဝသော မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းကြီးအနေဖြင့် အခြေခံအုတ်မြစ်ကောင်းများစွာမှ ယခုနှစ်(၃၀)တိုင်မှသည် နောင်နှစ်ရာချီထောင်ပေါင်းများစွာ မြန်မာအမျိုးသမီးထုကြီးအတွက် အောင်မြင်စွာ လုပ်ဆောင်လမ်းပြ ဆောင်ရွက်ရပ်တည်ပေးနိုင်သော နိုင်ငံဂုဏ်ဆောင် အသင်းကြီးတစ်ခုအနေဖြင့် အောင်မြင်မှုများစွာ ရရှိပါစေကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းတည်ထောင်သူ အသင်းကြီး၏ နာယကနှင့် အကြံပေး၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အထွေထွေအတွင်းရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို လည်းကောင်း၊ အသင်းကြီး၏ ဘဏ္ဍာရေးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်း ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်း၏ ရွေးချယ်တင်မြှောက်ရေး ကော်မရှင်အတွင်းရေးမှူးက ရွေးချယ်တင်မြှောက်ခံရသော ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်အဖွဲ့ အမည်စာရင်းအား ဖတ်ကြားတင်ပြ ခန့်အပ်ခြင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၏ ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်း၏ ဥက္ကဋ္ဌက ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်သက်တမ်း၏ဥက္ကဋ္ဌအား အသင်းကြီး၏ လုပ်ငန်းတာဝန်များ လွှဲပြောင်း ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အသင်းကြီး၏ နှစ်(၃၀)ပြည့် ပုလဲရတုနှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။





ဆက်လက်၍ Myanmar Woman Entrepreneur Award 2024 ဆုများကို ချီးမြှင့်ပြီး မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ၂၀၂၅-၂၀၂၇ အလုပ်အမှုဆောင်သက်တမ်း၏ဥက္ကဋ္ဌ ဒေါက်တာမြတ်သီတာမြင့်က ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှိုင်မြို့နယ် အမှတ်(၂၄) အကြီးစားစက်ရုံ (ဒဂုံ) ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်နှင့် မော်တာအလုပ်ရုံသို့ ရောက်ရှိပြီး ရွှေကသာ ကုမ္ပဏီလီမိတက်မှ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP) ဖြင့် ဆိုလာများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ ရောက်ရှိပြီး စက်ရုံရေရှည်ရပ်တည် လည်ပတ်နိုင်ရေးသည် စက်ရုံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုပေါ်မူတည်၍ စက်ရုံ၌ ထူထောင်ထားရှိပြီးဖြစ်သည့် အရည်အသွေးအာမခံစနစ်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနများမှ အမှာစာဖြင့် မှာယူထားသည့် ဆေးဝါးများကို အချိန်မီ ပေးသွင်းနိုင်ရေး ကြိုးစား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)ဖွင့်

**ပခုက္ကူ မေ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ယမန်နေ့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စက်ချုပ်နည်းပညာသင်တန်း (အခြေခံ) ဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကား ပြောကြားပြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းစည်းမျဉ်း စည်းကမ်းများ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှဌေးမြင့်က သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများက သင်တန်းကာလအတွင်း အသုံးပြုမည့် စက်ချုပ်နည်းပညာဆိုင်ရာပစ္စည်းများ၊ ယခင်သင်တန်းသူများကိုယ်တိုင် ရေးဆွဲချုပ်လုပ်ထားသည့် အဝတ်အထည်ဒီဇိုင်းများနှင့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး အခြေခံသင်တန်းကို မေ ၂၀ ရက်မှ ဇွန် ၁၆ ရက်အထိလည်းကောင်း၊ မွမ်းမံသင်တန်းကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၀ ရက်အထိလည်းကောင်း စက်ချုပ်နည်းပညာဆိုင်ရာ ဘာသာရပ် ၁၂ မျိုးစီကို စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများမှ စက်ချုပ်နည်းပညာကို အမှန်တကယ်စိတ်ဝင်စားပြီး လုပ်ငန်းထူထောင်လုပ်ကိုင်သူ ငါးဦးအား ရွေးချယ်၍ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် မေ ၂၁**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မေလ ၅ ရက်နေ့မှ ၁၂ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို အပတ်စဉ် သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။


နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှု မှတ်တမ်းပုံ။


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။

ယခုအခါ မေလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် Singapore Lotus Charity Society တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လည်းကောင်း၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးပစ္စည်းများကို နေပြည်တော်အတွင်းရှိ လိုအပ်သည့် ဝန်ကြီးဌာနများသို့လည်းကောင်း လွှဲပြောင်းထောက်ပံ့ပေးခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ငလျင်ဘေးသင့်ဒေသများတွင် ယာယီရုံးများအဖြစ် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းမည့် Prefabricated Office လုံး ၅၀၀ အနက် လုံး ၃၄၀ ရောက်ရှိခဲ့ပြီး ယာယီရုံးများအဖြစ် တပ်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ယာယီအိမ်များအဖြစ် အသုံးပြုရန် လှူဒါန်းမည့် Prefabricated House လုံး ၄၅၀၀ အနက် ၁၅၇၆ လုံးသည် ၉-၅-၂၀၂၅ ရက်နေ့တွင် လည်းကောင်း၊ ၁၈၀၄ လုံးသည် ၁၃-၅-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်သို့ပေးပို့ခဲ့ပြီး လိုအပ်သည့်နေရာများတွင် တပ်ဆင်အသုံးပြုရန် ဆောင်ရွက်လျက်ရှိပါသည်။ ထပ်မံရောက်ရှိလာပါကလည်း *စာမျက်နှာ ၁၁ သို့*

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်(၁၀-၃-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | ၁၄၅၇၁ | ၂၇၉၈ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၂၈ | ၄၆၀၅ | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | - | ၃၅၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၂၇၆၁ | ၄ | ၂၅ | ၁၄၉၇ | - | ၃၆၄ | ၈၇၁ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၃၉၀ | - | ၁၅၆ | ၁၂ | | ၆၄၈ | ၁၅၇၄ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၅၆ | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၀၀ | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၈ | ၁၉ | ၃၉ | ၁၈ | ၂ | - | - | |
| | | ဖာ | ၁၆၇၉၉ | ၈၇၂၀ | ၆၄၃၂ | ၁၂၅၃ | ၃၀၈ | ၈၆ | - | |
| | | အိတ် | ၂၅၀ | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | ၇၃ | ၁၉ | ၃၁ | ၇ | ၇ | ၉ | - | |
| | | ဖာ | ၃၅၉၂ | ၆၄၁ | ၁၉၃၇ | ၉၁၈ | ၆၃ | ၃၃ | - | |
| | | ထုပ် | ၁၄၇၅ | ၅၄၈ | ၈၂၁ | ၆၀ | ၄၆ | - | - | |
| | | ခု | ၂၂၀ | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၆ | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၁၁ | ၃ | ၄ | ၂ | - | ၂ | - | |
| | | စုံ | ၂၀၀၀ | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | ၇ | ၂ | ၃ | ၁ | ၁ | - | - | |
| | | ဖာ | ၃၁၀ | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၅၆ | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၆၇၇ | ၂၆ | - | - | - | ၁၆၅၁ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းပုံ။

*စာမျက်နှာ ၁၀ မှ*

ဆက်လက်ဖြန့်ခွဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၇ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၉ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၉ စီးဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့နိုင်ရေး ဆောင်ရွက်ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိဖြန့်ခွဲမှုတို့ကို ၁ ပတ်လျှင် ၁ ကြိမ် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



တရုတ်နိုင်ငံမှ လှူဒါန်းသည့် Prefabricated House များ နေပြည်တော်သို့ ရောက်ရှိမှုမှတ်တမ်းပုံ။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းပုံ။




Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ ရောက်ရှိမှုမှတ်တမ်းပုံ။

### အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆ | - | - | - | - | ၆ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၂ | - | - | - | - | ၄၂ | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၃ | - | - | - | - | ၃၃ | - | |
| ၃ | အိမ်သုံးပစ္စည်းများ | ဖာ | ၂ | - | - | - | - | ၂ | - | |
| ၄ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | ၆ | - | - | - | - | ၆ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |

### ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု အခြေအနေ (၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | မျိုး | ၈ | - | - | - | - | ၈ | - | |

### Singapore Lotus Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၁၃-၅-၂၀၂၅ ရက်နေ့မှ ၁၉-၅-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၄၄ | - | - | - | - | ၄၄ | - | |




## ၂၁ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၃၀၀၀၀ ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း– ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း –၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း– ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း– ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း–၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း–၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း– ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း–၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း – ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ဖုန်း –၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ထမ်းနှင့်မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန် Container House များ တပ်ဆင်တည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ရုံးဝင်းအတွင်း၌ ဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် အိပ်ခန်းတစ်ခန်းပါ Container House များအားတပ်ဆင်တည်ဆောက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် Kyaw Maw Group Construction ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော အိပ်ခန်းတစ်ခန်းပါ Container House များ တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စနစ်တကျသိမ်းဆည်းထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Container House များ တပ်ဆင်တည်ဆောက်နိုင်ရေးအတွက် မြေနေရာရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများ၊ စနစ်တကျ သိမ်းဆည်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တပ်ဆင်တည်ဆောက်ရာတွင် သတ်မှတ်ချက်များအတိုင်း စနစ်တကျ တပ်ဆင်တည်ဆောက်ကြရေး၊ Container House တစ်လုံးနှင့်တစ်လုံး အကွာအဝေးသတ်မှတ်ချက်များ ကိုက်ညီရေး၊ လမ်းများသတ်မှတ်ချက်အတိုင်းဖြစ်စေရေး၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်နိုင်ရန် စီစဉ်ထားရှိကြရေး၊ Container House များတပ်ဆင်တည်ဆောက်ရာတွင် ပျက်စီးဆုံးရှုံးလေလွင့်မှု မဖြစ်စေရန် အဖွဲ့များဖွဲ့၍ စနစ်တကျကြတ်မတ်ဆောင်ရွက်ကြရေး၊ ရေ/မီးနှင့် အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဝင်လမ်း/ထွက်လမ်းများ စီစဉ်ထားရှိရေး၊ ယာယီတဲများတွင် နေထိုင်နေသောဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ အမြန်ဆုံး ပြောင်းရွှေ့နေရာချထားနိုင်အောင် စီစဉ်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေ ထုတ်ချေး

**ညောင်တုန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူလယ်သမားများထံသို့ ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်းကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံး၌ မေ ၁၉ ရက်မှ စတင်၍ ထုတ်ချေးပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၅ အုပ်စုမှ တောင်သူ ၅၄၅၅ ဦး၏ မိုးစပါးစိုက်ပျိုးဧက ၃၄၈၈၈ ဧကအတွက် ငွေကျပ် ၅၂၃၃၂ သိန်းကို လုပ်ငန်းအချိန်မီထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဆုစျာန်စက်သုံးဆီအရောင်းဆိုင်အား မေ ၂၁ ရက်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲမှူး နိုင်စိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပိုင်စိုးနှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

- **နိုင်ငံ့ဝန်ထမ်းများအား မည်သည့် နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်မေ ၂၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၁ ရက်အထိ သေဆုံးသူ ၃၇၂၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၇၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၂၁**

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ဖြူးမဟာစည် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရနှင့် ဒါယကာ ဒါယိကာမများ၊ ရဟန်း ဒါယကာ ဒါယိကာမများ၊ ကျောင်းဒါယကာ ဒါယိကာမများ၊ ပြည်တွင်း/ ပြည်ပဒါယကာ ဒါယိကာမများ၊ ရပ်နီးရပ်ဝေး ဒါယကာ ဒါယိကာမများက ငွေကျပ် ၁,၀၀၀,၀၀၀ နှင့် ငွေကျပ် ၆၇ သိန်းတန်ဖိုးရှိ စားသောက်ကုန်/ လူသုံးကုန်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC)ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၄) ကြိမ်မြောက် အာဆီယံ – အမေရိကန်ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း က အာဆီယံဒေသတွင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုများအပေါ် များစွာနှစ်ထောင်းအားရ ဖြစ်မိပါကြောင်း၊ အာဆီယံ၏မျှော်မှန်းချက်ဖြစ်သည့် ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ခံနိုင်ရည်ရှိမှုများကို မိမိတို့အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ပဋိညာဉ်ပါအတိုင်း အာဆီယံမျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘက်စုံပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားသယ်ယူပို့ဆောင်ရေး ပင်မစီမံကိန်း၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များဖြစ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ခံနိုင်ရည်ရှိရေးနှင့် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။




ယခု အစည်းအဝေးများတွင် အာဆီယံ – နယူးဇီလန် လေကြောင်းပို့ဆောင်ရေး သဘောတူ စာချုပ်ချုပ်ဆိုရေး၊ အာဆီယံဒေသတွင်း လျှပ်စစ်မော်တော်ယာဉ် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းပြမြေပုံရေးဆွဲရေး၊ အာဆီယံဒေသတွင်း သင်္ဘောစွန့်ပစ်ပစ္စည်းများ စဉ်ဆက်မပြတ် စီမံခန့်ခွဲရေးအတွက် မဟာဗျူဟာရေးဆွဲရေး၊ ၂၀၂၆–၂၀၃၀ ကာလအတွက် အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ အပြီးသတ်ဆွေးနွေးအတည်ပြုရေး စသည်များ ဆွေးနွေးသွားမည်ဟု သိရှိရသည့်အတွက် ကောင်းမွန်သည့် ရလဒ်များထွက်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အာဆီယံ၏ အကြားအလပ်မရှိသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ပေါင်းစည်းထားသည့် သယ်ယူပို့ဆောင်ရေးကွန်ရက် ဖြစ်ပေါ်စေရန်အတွက် အဖွဲ့ဝင်နိုင်ငံများအကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ကူညီပံ့ပိုးမှုများက တစ်ဆင့် အပြည့်အဝအောင်မြင်မှု ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်သင့် ဒေသများအတွက် အဖွဲ့ဝင်နိုင်ငံများ၏ ပံ့ပိုးကူညီမှုများကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အာဆီယံပို့ဆောင်ရေး ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများကို ၂၀၁၄ ခုနှစ်တွင် အလှည့်ကျ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ထပ်မံအလှည့်ကျရောက်သဖြင့် ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုကျင်းပသည့် (၅၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ဆေးဗားလ်၊ ဒီဘရိုင်း၊ မာမွတ်ချ်၊ ဟာလန်းစသည့် အဓိက ကစားသမားအစုံအလင်ဖြင့် ဘုန်းမောက်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပြိုင်ဘက်ဘုန်းမောက်အသင်းက ရမှတ်လိုအပ်ချက်မရှိသော်လည်း ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ မန်စီးတီးအသင်းကို အခက်တွေ့အောင်ကစားခဲ့သည်။

ပွဲမှာ နှစ်သင်းစလုံး အနီကတ်နှစ်ကြိမ် ပြသခံခဲ့ရသည်အထိ အကြိတ်အနယ်ရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို မာမွတ်ချ်၊ ဆေးဗားလ်နှင့် ဂွန်ဇာလက်ဇ်တို့က သွင်းယူပေးပြီး ဘုန်းမောက်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ဂျက်ဘီဆင်က သွင်းယူခဲ့သည်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ရမှတ် ၆၈ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည်နေပြီး လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် လက်တစ်ကမ်း ရောက်ရှိလာသည်။

အသင်းခေါင်းဆောင် ဒီဘရိုင်းသည် ယခုနှစ်နွေရာသီတွင် အီတီဟက်မှ ထွက်ခွာတော့မည်ဖြစ်ကာ ဘုန်းမောက်ကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်မှာ အိမ်ကွင်းနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်းနှင့် အားကစားကွင်းအပြင်ဘက်တွင် ၎င်း၏ရုပ်တုကို ထုလုပ်ပြီး ဂုဏ်ပြုသွားဖွယ်ရှိကြောင်း သိရသည်။

အခြား ပွဲစဉ်ရလဒ်တွင် ခရစ္စတယ် ပဲလေ့စ်အသင်းက ဝုဖ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်


**နေပြည်တော် မေ ၂၁**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေ ၂၃ ရက်မှ ၃၀ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

၂၃–၅–၂၀၂၅ ရက်နေ့မှ ၂၄–၅–၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



# မြန်မာ–ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးကျင်းပမည်

**ရန်ကုန် မေ ၂၁**

၂၀၂၅ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားခန်းမ၌ မြန်မာ့ရိုးရာလက်ဝှေ့ကလပ် ( MFC ) မှ စီစဉ်သော မြန်မာ–ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ကြီးကြပ်မှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြိုင်ပွဲကြီးတွင် ခေါင်တွဲဆိုင်းများအဖြစ် ထွန်းမင်းနိုင်(မြန်မာ) နှင့် Veenut (ထိုင်း)၊ ရာမာဉ် (မြန်မာ) နှင့် Kittisak (ထိုင်း)၊ ကျော်ဇင်လတ်(MFC) နှင့် ထွန်းတောက်မင်း(အဖြူရောင်သွေးသစ်) တို့အပါအဝင် အလားအလာကောင်းသည့် ရိုးရာမောင်များ၏ ပွဲကောင်းတွဲဆိုင်း ၁၂ ဆိုင်း ပါဝင်မည်ဖြစ်သည်။

**မျိုးမင်းသူရ**

## ဒေါ်နယ်ထရမ့်က ၎င်း၏သမ္မတသက်တမ်းအတွင်း မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ်သစ် အသုံးပြုနိုင်ရေး ရည်ရွယ်လုပ်ဆောင်

ဝါရှင်တန် မေ ၂၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏သမ္မတသက်တမ်း ကုန်ဆုံးမည့် ၂၀၂၉ ခုနှစ် ဇန်နဝါရီလမတိုင်မီ မျိုးဆက်သစ်ဒုံးကျည် ကာကွယ်ရေးစနစ်သစ် စတင်အသုံးပြုနိုင်ရေး ရည်ရွယ်လုပ်ဆောင် လျက်ရှိကြောင်း သိရသည်။

Golden Dome ဟု အမည်ပေးထားသည့် အဆိုပါ မျိုးဆက်သစ် ဒုံးကျည်ကာကွယ်ရေးစနစ်သစ်သည် အာကာသမှ ပစ်လွှတ်ခဲ့လျှင်ပင် ဒုံးကျည်များကို ကြားဖြတ်ပစ်ချဟန့်တားနိုင်စွမ်းရှိသည်ဟု ၎င်းက မေ ၂၀ ရက်တွင် သတင်းထောက်များကို ပြောသည်။

အဆိုပါ အစီအစဉ်လုပ်ဆောင်မှုကို ကြီးကြပ်ကွပ်ကဲရန် အာကာသ တပ်ဖွဲ့ ဗိုလ်ချုပ်ကြီးတစ်ဦးကို ခန့်အပ်မည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောသည်။ ထို့အပြင် ဒေါ်နယ်ထရမ့်သည် ၁၉၈၀ ပြည့်လွန်နှစ်များက သမ္မတဟောင်း ရော်နယ်ရီဂင် အဆိုပြုခဲ့သော အာကာသအခြေပြု ဒုံးကျည်ကာကွယ်ရေးစနစ်အကြောင်းကိုလည်း ပြောကြားခဲ့သည်။ ရော်နယ်ရီဂင်သည် အဆိုပါ အာကာသအခြေပြုဒုံးကျည်ကာကွယ်ရေး စနစ်ကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက လိုချင်ခဲ့သော်လည်း ထိုကဲ့သို့ လုပ်ဆောင်ရန် နည်းပညာအရင်းအမြစ်မရှိခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

Golden Dome ကို မြေပြင်၊ ပင်လယ်ပြင်တွင်သာမက အာကာသထဲ တွင်ပါ ဖြန့်ကြက်ချထားနိုင်မည်ဟု ဒေါ်နယ်ထရမ့်က ပြောသည်။ ဒုံးကျည်ခြိမ်းခြောက်မှုများအပေါ် စိုးရိမ်မှုများ မြင့်တက် လာချိန်တွင် ဒေါ်နယ်ထရမ့်က အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံခန့် ကုန်ကျမည့် အဆိုပါစီမံကိန်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ထရမ့်အစိုးရအဖွဲ့သည် ကနဦးတွင် မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်



များကို ကြားဖြတ်ပစ်ချဟန့်တားရန် ဒီဇိုင်းထုတ်ထားသော အစ္စရေး၏ လေကြောင်းကာကွယ်ရေးစနစ်ကို အစွဲပြုပြီး အဆိုပါစီမံကိန်းကို အမေရိကန် အိုင်းယန်းဒုံးဟု ခေါ်ဝေါ်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဂါဇာကမ်းမြောင်ဒေသသို့ ပထမဆုံးအကြိမ် ကုလသမဂ္ဂ ထောက်ပံ့ရေးယာဉ်များဝင်ရောက်

ဂါဇာ မေ ၂၁

နှစ်လခွဲကာလအတွင်း ပထမဆုံး အကြိမ်အဖြစ် ဂါဇာကမ်းမြောင် ဒေသသို့ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီ ထောက်ပံ့ရေးပစ္စည်းများ တင် ဆောင်လာသော ကုန်တင်ကား များ ဝင်ရောက်လာခဲ့သည်။ သို့သော်လည်း ကူညီထောက်ပံ့ ရေးပစ္စည်းများ ဒေသခံများထံ မရောက်နိုင်သေးကြောင်း ကုလ သမဂ္ဂက ပြောသည်။



နယ်စပ်ဖြတ်ကျော် ကီရမ်ရှလွမ်စခန်းမှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကုန်တင်ယာဉ်ကို တွေ့ရစဉ်။

အစ္စရေးတပ်ဖွဲ့က သယ်ယူ ပို့ဆောင်ရေး ခွင့်ပြုလိုက်ချိန်မှ စတင်ကာ ကုလသမဂ္ဂကုန်တင် ယာဉ် ၉၃ စင်း ဂါဇာကမ်းမြောင် ဒေသသို့ မေ ၂၀ ရက်က ဝင်ရောက် လာခဲ့သည်။

ကုလသမဂ္ဂ ပြောရေးဆိုခွင့် ရှိသူက ဂါဇာကမ်းမြောင်ဒေသ အတွင်း ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ရန် အချိန်ယူရသည့် အတွက် ဒေသခံများထံ အကူအညီ များ ပေးအပ်နိုင်ခြင်း မရှိသေး ကြောင်း ပြောကြားခဲ့သည်။

အဆိုပါနေရာတွင် ဆိုးရွား ပြင်းထန်သည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကျပ် အတည်းများ ဆက်လက်ဖြစ်ပွား လျက်ရှိသည်။

စားရေရိက္ခာ ထောက်ပံ့မှု ပြတ်တောက်ချိန် မတ်လမှစကာ ၅၈ ဦး သေဆုံးခဲ့သည်။ ထို့အတူ မရှိမဖြစ်လိုအပ်သော အာဟာရ ဓာတ်များ ချို့တဲ့မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန် ပျက်ကျမှု ၃၀၀ ကျော်ရှိကြောင်း သိရသည်။

ဒေသခံ ပြည်သူများ၏ အသက်ပေါင်း မြောက်မြားစွာ ကို ကယ်တင်ရန် နေ့စဉ်ကူညီ ထောက်ပံ့ရေးကုန်တင်ယာဉ် ၅၀၀ ခန့် လိုအပ်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံသို့ မေလအတွင်း နိုင်ငံတကာခရီးသွား ၈၀၄၂၁ ဦး ဝင်ရောက်ခဲ့

ကိုလံဘို မေ ၂၁

မေလ ပထမ ၁၈ ရက်အတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံတကာ ခရီးသွား ၈၀၄၂၁ ဦး ဝင်ရောက်ခဲ့သည်ဟု နိုင်ငံ၏ ခရီးသွားဖွံ့ဖြိုး တိုးတက်မှု အာဏာပိုင်အဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါကာလအတွင်း သီရိလင်္ကာသို့ဝင်ရောက်သည့် ခရီးသွား ဦးရေမှာ ၈၀၄၂၁ ဦးရှိသည်။ ယခုနှစ် မေ ၁၈ ရက်အထိ နိုင်ငံတွင်း လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွား စုစုပေါင်းမှာ ၉၇၇၃၀၅ ဦးရှိသည်ဟု ထုတ်ပြန်ချက်များအရ သိရသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ရှာဖွေ ပေးနိုင်သော လုပ်ငန်းများထဲမှတစ်ခုဖြစ်သည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၇ ဘီလီယံ ရရှိခဲ့သည်။ **ဆင်ဟွာ**



## သြစတြေးလျနိုင်ငံအရှေ့ပိုင်း၌ ရေကြီး၊ လူပေါင်း ၄၈၈၀၀ အဆက်အသွယ်ပြတ်တောက်

ဆစ်ဒနီ မေ ၂၁

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်၌ ရေကြီးရေလျှံမှုများ ကြောင့် လူပေါင်း ၄၈၈၀၀ အဆက်အသွယ်ပြတ်တောက်နေ ကြောင်း သိရသည်။

ဆစ်ဒနီမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ၌ ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၄၈၈၀၀ နှင့် လူနေအိမ် ၂၃၂၀၀ အဆက်အသွယ် ပြတ်တောက်ခဲ့ ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် အရေးပေါ် ဝန်ဆောင်မှုဌာနက မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြောကြားသည်။ မြောက်ဘက် ကမ်းရိုးတန်းနှင့် အနီးတစ်ဝိုက် ဒေသများတွင် လေးရက် ဆက်တိုက် မိုးရွာသွန်းမှုကြောင့် စံချိန်တင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ နယူးဆောက်ဝေးလ် ပြည်နယ် အရေးပေါ်ဝန်ဆောင်မှု ဌာနက သတိပေးစာ ၁၀၉ စောင် ထုတ်ပြန်ထားပြီး သဘာဝဘေး သင့်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အမိန့်ပေးထား သည်။



နယူးဆောက်ဝေးလ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပိတ်မိနေသူတစ်ဦးကို ရဟတ်ယာဉ်အသုံးပြုကာ ဘေးလွတ်ရာသို့ ခေါ်ဆောင်စဉ်။

ကယ်ဆယ်ရေး စခန်းများ လည်း ဖွင့်လှစ်ပေးထားသည်။ အရေးပေါ် ကယ်ဆယ်ရေး လုပ်သားများသည် ကယ်ဆယ် ရေးလုပ်ငန်းများ အကြိမ် ၄၀၀ ကျော် လုပ်ဆောင်ခဲ့ကြောင်း၊ ပိတ်မိနေသူများကို ကယ်ဆယ် နိုင်ရေး ရဟတ်ယာဉ်များနှင့် စက်လှေများကို အသုံးပြုခဲ့ ကြောင်း သိရသည်။

ရေဘေးဒဏ်သင့်ဒေသများမှ စာသင်ကျောင်း ၂၀၀ ကျော်ကို ပိတ်ထားရသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ ခြသေ့်အရေအတွက် ၈၉၁ ကောင် ရှိလာ

နယူးဒေလီ မေ ၂၁

အိန္ဒိယနိုင်ငံရှိ အာရှခြသေ့်အရေအတွက်မှာ ပြီးခဲ့သည့် ငါးနှစ်တာ ကာလအတွင်း ၃၂ ရာခိုင်နှုန်းကျော်အထိ တိုးလာပြီး ၈၉၁ ကောင် ရှိလာကြောင်း တောရိုင်းတိရစ္ဆာန်ဌာနမှ အကြီးတန်းအရာရှိတစ်ဦးက မေ ၂၁ ရက်တွင် ပြောသည်။

ခြသေ့်ကောင်ရေ စာရင်းကောက်ယူမှုကို မေ ၁၀ ရက်မှ ၁၃ ရက် အထိ ပြုလုပ်ခဲ့ပြီး ခြသေ့်တို့၏နေထိုင်ရာနေရာဟု တင်စားရသော ဂူဂျာရတ်ပြည်နယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်အတွင်း ကျေးရွာနေပြည်သူများ၊ စေတနာ့ ဝန်ထမ်းများနှင့် ဝန်ထမ်းများပါဝင်ခဲ့ကြကြောင်း ဂူဂျာရတ်ပြည်နယ် တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်ရေးမှူးချုပ် ဂျေပယ် ဆင်း၏ပြောကြားချက်ကို ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။ ၂၀၂၀ ပြည့်နှစ်ကလည်း ခြသေ့်ကောင်ရေ ရေတွက်မှုကို ပြုလုပ်ခဲ့ သည်။ **ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ခေါ်ယူခြင်း

လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဘူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါကမိဘ(သို့မဟုတ်)အုပ်ထိန်းသူကိုယ်တိုင်လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ လေးပုံ ၊ ဖွားစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘနှစ်ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB ) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသောကလေးများကျောင်း အမှတ်-၃၄ ၊ F, G ၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသောကလေးများကျောင်း အကွက်-၈၅၈ ၊ ချမ်း/တောင်ရပ်ကွက် ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့ လည်းကောင်း တိုက်ရိုက်ဖြစ်စေ ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်ကတာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနစု ၊ ဖုန်းနံပါတ် ၀၆၇ - ၃၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်) ဖုန်းနံပါတ် ၀၁-၉၅၄၈၈၇၂၊ ၀၉-၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၂-၄၀၃၄၆၁၇၊ ၀၂-၄၀၃၀၀၄၃၊ ၀၉ - ၄၀၂၆၆၂၆၈၉ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## လေးမျက်နှာမြို့နယ်၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**လေးမျက်နှာ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ်တွင် ကျေးရွာအုပ်စု ၄၇ အုပ်စုရှိ မိုးစပါးစိုက်ဧက ၃၃၃၅၅ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်း ၅၀၀၃၂ ဒသမ ၅၀ ထုတ်ချေးပေးရန်အတွက် လျာထားဆောင်ရွက် လျက်ရှိပြီး မေ ၁၉ ရက်တွင် ရှမ်းရွာကျေးရွာအုပ်စုမှ မိုးစပါးစိုက် တောင်သူ ၉၀ ၏ စိုက်ဧက ၄၉၆ ဧကအတွက် ချေးငွေကျပ်သိန်း ၇၄၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





## အိမ်မဲမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

**အိမ်မဲ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့်ဝန်ထမ်းများက မေ ၁၉ ရက်တွင် ကျေးရွာ (၂) အုပ်စုရှိ တောင်သူ ၁၈၀ ၏ လယ်မြေဧက ၁၀၆၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ချေးငွေကျပ် ၁၅၉၆၀၀၀၀၀၊ မေ ၂၀ ရက်တွင် ထန်းတပင်ကျေးရွာအုပ်စုရှိ တောင်သူ ၁၄၄ ဦး၏ လယ်မြေ ၇၅၄ ဧက အတွက် ကျပ် ၁၁၃၁၀၀၀၀၀ တို့ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘီးလင်း၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူ

**ဘီးလင်း မေ ၂၁**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အထက(ဘီးလင်း)ကျောင်းရှေ့၌ စုပေါင်းပြုလုပ်ကြသည်။

မြေစိုက်ပိုစတာစိုက်ထူရာတွင် ဘီးလင်းမြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်၊ ဒုတိယမြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၏ ဆောင်ပုဒ်ဖြစ်သော “ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့” စာသားပါ ဗီနိုင်း မြေစိုက်ပိုစတာကို စိုက်ထူခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ယနေ့ကမ္ဘာ၏ဖွံ့ဖြိုးမှု စိန်ခေါ်မှုများကျော်လွှားရေး ဝိုင်းဝန်းကြိုးပမ်းပေး

**ရွှေရည်လင်း**

ယနေ့ကမ္ဘာကြီးမှာ ဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုအရ ဖြစ်ပေါ်လာတဲ့ သဘာဝဘေးတွေကြောင့် ပျက်စီးမှုနဲ့ သဘာဝဆုံးရှုံးမှု (nature loss) တွေအပြင် ပထဝီနိုင်ငံရေး တင်းမာမှုတွေ၊ ကုန်သွယ်ရေးစစ်ပွဲတွေ၊ ဒေသတွင်းပဋိပက္ခတွေ စတဲ့ အသွင်မျိုးစုံဖြင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေခြင်းဟာ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါတယ်။ ဒီလိုဖြစ်ပေါ်လာတဲ့အခြေအနေကို ကြံ့ကြံ့ခံပြီး ပိုမိုခိုင်မာတောင့်တင်းကောင်းမွန်တဲ့ အနာဂတ်ကို ပုံဖော်ဖို့ လူတိုင်း ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို တိုင်းတာရာမှာ ဂျီဒီပီက အဓိကညွှန်ကိန်းတစ်ခုအဖြစ် ရှိနေပေမယ့် အနာဂတ်မှာ ကြွယ်ဝမှုအားလုံးကို လွှမ်းခြုံနိုင်ဖို့အတွက် ဂျီဒီပီတိုးတက်ရေးသာမက ပြန်ဖြည့်နိုင်တဲ့ သဘာဝအရင်းအမြစ်တွေဖြစ်တဲ့ သစ်တောတွေ၊ သီးနှံစိုက်ပျိုးမြေတွေနဲ့ ပင်လယ်သမုဒ္ဒရာ အရင်းအမြစ်တွေ ပြန်လည်ဖြည့်ဆည်းနိုင်ရေးနဲ့ ရေရှည်တည်တံ့ကောင်းမွန်ရေးကိုလည်း စဉ်းစားသွားရမှာဖြစ်ပါတယ်။ အခြားသဘာဝအရင်းအမြစ်တွေဖြစ်တဲ့ တွင်းထွက် သယံဇာတနဲ့ ရုပ်ကြွင်းလောင်စာတွေကတော့ ထုတ်ယူသုံးစွဲသမျှ ကုန်ခန်းမယ့်သယံဇာတတွေ ဖြစ်တဲ့အတွက် ပြန်လည်ဖြည့်တင်းဖို့ မဖြစ်နိုင်တဲ့အရာတွေ ဖြစ်ပါတယ်။

ဒါကြောင့် ပြန်လည်ဖြည့်ဆည်းနိုင်တဲ့ သယံဇာတများကို ဖြည့်ဆည်းပြီး ကုန်ခန်းနိုင်တဲ့ သယံဇာတတွေကို ရေရှည်အသုံးပြုနိုင်ဖို့ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း သစ်တောဖုံးလွှမ်းမှုဧရိယာတွေ တိုးတက်ရေး၊ သစ်တော၊ သစ်ပင်များ ရှင်သန်ရေး၊ သစ်ပင်တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးတို့ကို အလေးထားပြီး ဆောင်ရွက်နေတာ မျက်ဝါးထင်ထင်တွေ့ရမှာဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်တွေ ပြန်လည်ရှင်သန်ရေးကို ဆောင်ရွက်နေပေမယ့် အခြားတစ်ဖက်မှာ ဝိသမလောဘသားတွေရဲ့ သစ်ခိုးထုတ်မှုနဲ့ တရားမဝင်ရောင်းချမှုတွေကလည်း ရှိနေတော့ သယံဇာတတွေ ပြန်လည်ပြည့်ဖြိုးရေးကို ဆောင်ရွက်ရာမှာ အဟန့်အတားဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများ ရှိနေပါတယ်။ ဒီလိုအဟန့်အတားတွေကို ကျော်လွှားနိုင်ဖို့ အစိုးရနဲ့အတူ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် နိုင်ငံတော်က စိုက်ပျိုးရေးဇုန်တွေ တိုးတက်ဖြစ်ပေါ်စေရေးအတွက် တွန်းအားပေးနေတာကြောင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မြို့ပြဖြစ်ထွန်းမှုတွေနဲ့အတူ ဖြစ်လေ့ရှိတဲ့ သဘောသဘာဝက စိုက်ပျိုးမြေဆုံးရှုံးမှု ဖြစ်ပါတယ်။ စိုက်ပျိုးမြေဆုံးရှုံးမှုနဲ့အတူ နောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ စားနပ်ရိက္ခာမဖူလုံမှုနဲ့ စိုက်ပျိုးမြေပေါ် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ တောင်သူလယ်သမားတွေ၊ စိုက်ပျိုးရေးလုပ်သားတွေရဲ့ ဝင်ငွေကျဆင်းမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် စိုက်ပျိုးမြေဆုံးရှုံးမှု လျော့ကျနိုင်ရေးနဲ့ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ စိုက်ပျိုးမြေပျက်စီးဆုံးရှုံးမှုတွေကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရနိုင်တဲ့မြေတွေကို ဖော်ထုတ်ပြီး စိုက်ပျိုးသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်ကမ္ဘာအတွက် စားရေရိက္ခာဖူလုံရေးနဲ့ ဆင်းရဲမှုလျော့ကျစေရေးကို အထောက်အကူပြုမှာဖြစ်သလို ဝင်ငွေနဲ့ဆက်စပ်နေတဲ့ လူမှုအကျိုးစီးပွားဖြစ်ထွန်းမှုတွေကိုလည်း အားပေးကူညီရာရောက်မှာ ဖြစ်ပါတယ်။ မြို့ပြဖြစ်ထွန်းမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာမှာလည်း စိမ်းလန်းသော မြို့ပြစနစ်ဖြစ်ပေါ်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထည့်သွင်းဆောင်ရွက်ဖို့ကိုလည်း အလေးထားဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပင်လယ်သမုဒ္ဒရာတွေ ရေရှည်တည်တံ့စေဖို့ အပြာရောင်စီးပွားရေး (Blue Economy) ကို ဗျူဟာချပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ငါးသယံဇာတတွေ ပြုန်းတီးမှု လျော့နည်းစေရေး၊ ပင်လယ်ရေထုညစ်ညမ်းမှု မဖြစ်စေရေး၊ ခရီးသွားလုပ်ငန်းကြောင့် ပင်လယ်ကမ်းခြေတွေ ပျက်စီးမှုမရှိစေရေး၊ ရေနေဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးစတဲ့ ပင်လယ်ရေသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တရားမဝင် ငါးဖမ်းဆီးမှုတွေ၊ ပင်လယ်ထွက်ပေါက်တွေနဲ့ ဆက်စပ်နေတဲ့ ချောင်း၊ မြောင်းတွေမှာ အမှိုက်စွန့်ပစ်ခြင်း၊ ပင်လယ်ရေထုညစ်ညမ်းစေတဲ့ အပြုအမူတွေကို တင်းကျပ်စွာ ကိုင်တွယ်ရမှာဖြစ်သလို ပင်လယ်ကမ်းခြေရှိ ခရီးသွားလုပ်ငန်းတွေ စနစ်တကျ ဖြစ်စေရေးအတွက်ကိုလည်း အစိုးရ၊ လုပ်ငန်းရှင်များ၊ ခရီးသွားပြည်သူများနဲ့ ကမ်းရိုးတန်းကို အခြေပြုပြီး အသက်မွေးဝမ်းကျောင်းပြုနေသူတွေအားလုံးက ထိန်းသိမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က သတ်မှတ်ထားတဲ့ ငါးမဖမ်းရ ရာသီမှာ ငါးဖမ်းခြင်းကို ရှောင်ကြဉ်ရမှာ ဖြစ်သလို သတ်မှတ်ထားတဲ့နည်းလမ်းနဲ့ ငါးဖမ်းဆီးရေးကို လူတိုင်းက လိုက်နာကြရမှာ ဖြစ်ပါတယ်။ ကမ်းခြေအလှကို ပျက်စီးစေပြီး ညစ်ညမ်းမှုဖြစ်စေနိုင်တဲ့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကိုလည်း မပြုလုပ်မိစေဖို့ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။

> ■ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းတွေကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြရမှာဖြစ်
>
> ❂ အနာဂတ်မှာ ဖွံ့ဖြိုးမှုရဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ တာဝန်ကိုယ်စီရှိကြတယ်ဆိုတဲ့ ခံယူချက်နဲ့ သယံဇာတနဲ့အရင်းအနှီးတွေကို ထိန်းသိမ်းပြီး ရေရှည်တည်တံ့တဲ့ အခြေခံအဆောက်အအုံဖြစ်ထွန်းရေးကို အားပေးကူညီဆောင်ရွက်ခြင်းနဲ့ ရေရှည်တည်တံ့တဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ဟန်ချက်ညီညီ တက်လှမ်းကြပါစို့

> ❐ မြို့ပြဖြစ်ထွန်းမှုနဲ့ စက်မှုလက်မှုဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရာမှာလည်း စိမ်းလန်းသောမြို့ပြစနစ် ဖြစ်ပေါ်ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထည့်သွင်းဆောင်ရွက်
>
> ❍ တည်ဆောက်ပြီးဖြစ်တဲ့ အဆောက်အအုံနဲ့ အခြေခံအဆောက်အအုံတွေကို သက်တမ်းတစ်လျှောက်လုံး အပြည့်အဝအသုံးချနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်တဲ့အတွက် တည်ဆောက်ပြီးဖြစ်တဲ့ အခြေခံအဆောက်အအုံတွေ ရေရှည်ခံနိုင်ရည်ရှိစေရေးနဲ့ နောင်တည်ဆောက်မယ့် အဆောက်အအုံတွေ ရေရှည်ကြံ့ခိုင်တည်တံ့စေရေးအတွက် အရည်အသွေးအာမခံချက်နဲ့ တာဝန်ယူ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ကြရမှာဖြစ်

လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်မှုဟာ ကြီးမားတဲ့ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ဒါကြောင့်တည်ဆောက်ပြီးဖြစ်တဲ့ အဆောက်အအုံနဲ့ အခြေခံအဆောက်အအုံတွေကို သက်တမ်းတစ်လျှောက်လုံး အပြည့်အဝအသုံးချနိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်တဲ့အတွက် တည်ဆောက်ပြီးဖြစ်တဲ့ အခြေခံအဆောက်အအုံတွေ ရေရှည်ခံနိုင်ရည်ရှိစေရေးနဲ့ နောင်တည်ဆောက်မယ့် အဆောက်အအုံတွေ ရေရှည်ကြံ့ခိုင်တည်တံ့စေရေးအတွက် အရည်အသွေးအာမခံချက်နဲ့ တာဝန်ယူ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လုပ်ငန်းရဲ့ နာမည်ကောင်းကို ဘယ်အရာနဲ့မှလဲလို့မရတဲ့အတွက် မိမိတို့ရဲ့ နာမည်သတင်းဂုဏ်သိက္ခာကို ထာဝစဉ်ထိန်းသိမ်းပြီး အရည်အသွေးပြည့်ဝတဲ့ အဆောက်အအုံတွေ ဖြစ်စေရေးကို ဆောင်ရွက်ရင်း ပိုမိုကောင်းမွန်ခံနိုင်ရည်ရှိတဲ့ အနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဒါ့ပြင် လူသားအရင်းအနှီး (human capital) ကလည်း ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျတဲ့ တိုင်းတာမှုဖြစ်တာမို့ လူသားအရင်းအနှီးတိုးတက်ဖို့အတွက် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တိုးတက်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးနေပါတယ်။ အဆိုပါရင်းနှီးမြှုပ်နှံမှုတွေကို အလဟဿမဖြစ်ဖို့ နိုင်ငံ့ဝန်ထမ်းများ၊ မိဘပြည်သူများနဲ့ လူငယ်များကပါ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျောင်းနေရွယ်ကလေးများအားလုံး ပညာသင်ယူနိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်နေကြသလို ပညာသင်ယူနေကြတဲ့ လူငယ်၊ လူရွယ်တွေကလည်း မိမိတို့ပညာရေး ဆုံးခန်းတိုင်သင်ကြားကြဖို့ လိုအပ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းတွေကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ပြည်ပမှာ ပညာသင်ယူခွင့် အခွင့်အလမ်းရရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ နိုင်ငံတော်ရဲ့အကျိုးနဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ပြည်ပမှာ ပညာသင်ယူခွင့် အခွင့်အလမ်းရရှိပြီး အမိနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိချိန်မှာ အကြောင်းအမျိုးမျိုးပြ၍ တာဝန်ကနေ နုတ်ထွက်လိုကြတဲ့ ဝန်ထမ်းတွေအနေနဲ့ အတ္တနဲ့ပရ နှစ်ဖြာသော အကျိုးစီးပွားကို ကြည့်ရမှာ ဖြစ်ပါတယ်။

မိမိပြည်ပမှာ ပညာသင်ကြားချိန်မှာ တာဝန်ချိန်အဖြစ် လစာအပြည့်နဲ့ ပညာသင်တစ်ဦးရဲ့ ခံစားခွင့်ကို အပြည့်အဝရရှိထားတဲ့အတွက် မိမိနေရာမှာ တာဝန်ယူဆောင်ရွက်ပေးနေကြတဲ့ ဝန်ထမ်းတွေအပေါ်မှာ ကိုယ်ချင်းစာတရားထားပြီး နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင် ဆောင်ရွက်ရမယ်ဆိုတာကိုလည်း မေ့ပစ်ကြလို့ မဖြစ်ပါဘူး။ လူတိုင်းမှာ တာဝန်ကိုယ်စီရှိတာမို့ မိမိတို့ရဲ့တာဝန်ကို မိမိတို့ ကျေပွန်ဖို့ လိုပါတယ်။ Two R လို့ ခေါ်တဲ့ Right and Respon-sibility (အခွင့်အရေးနဲ့တာဝန်) ကို လူတိုင်းက နားလည်ကြပြီး လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ခရီးလမ်းကို လျှောက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် အနာဂတ်မှာ ဖွံ့ဖြိုးမှုရဲ့ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ဖို့ တာဝန်ကိုယ်စီရှိကြတယ်ဆိုတဲ့ ခံယူချက်နဲ့ သယံဇာတနဲ့အရင်းအနှီးတွေကို ထိန်းသိမ်းပြီး ရေရှည်တည်တံ့တဲ့ အခြေခံအဆောက်အအုံ ဖြစ်ထွန်းရေးကို အားပေးကူညီဆောင်ရွက်ခြင်းနဲ့ ရေရှည်တည်တံ့တဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ဟန်ချက်ညီညီ တက်လှမ်းကြပါစို့လို့ စေတနာအရင်းခံဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။


**ကိုးကားချက်များ**

https://unsceb.org/topics/beyond-gdp

https://www.oecd.org/en/topics/policy-issues/well-being-and-beyond-gdp.html

https://www.weforum.org/focus/beyond-gdp/

# 39th Junior Golf Myanmar Championship ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၉) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၂၁ ရက်က ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြိုင်ပွဲလက်ခံကျင်းပပေးသော မြန်မာဂေါက်သီးရိုက်အသင်း၊ ကစားသမားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပေးသော Kings International School နှင့် HAN Golf Master Pte., Ltd တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်းမှ အတွင်းရေးမှူး ဦးဆန်းလွင်၊ Kings International School Business Development Manager Laurel နှင့် HAN Golf Master Pte., Ltd ဒါရိုက်တာ ဦးအောင်ထွန်းဦးတို့က လက်ခံရယူသည်။ ထို့နောက် Junior Golf Myanmar (JGM) တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဇော်က ပြိုင်ပွဲနှစ်ရက်တွင် ကြိုးစားယှဉ်ပြိုင်ခဲ့သော ဘုန်းမြင့်မြတ်စံ၊ ချစ်ခွန်းသီအောင်နှင့် ဆုရတီထက်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်က အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် ၂၂၈ ချက်ဖြင့် တတိယဆုရရှိသော ကောင်းခန့်ဇော်၊ ၁၉၂ ချက်ဖြင့် ဒုတိယဆုရရှိသော အောင်စိုးထွန်း၊ ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် Junior Golf Myanmar (JGM) အမှုဆောင် ဒေါ်စုယမင်းက အမျိုးသမီး ၁၂ နှစ်အောက်သက်တမ်းတွင်၂၀၇ ချက်ဖြင့် တတိယဆုရရှိသော ရတနာအောင် အချက် ၂၀၀ ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ ၁၇၆ ချက်ဖြင့် ပထမဆုရရှိသော Choi Hui၊ မြန်မာဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ခိုင်က အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းတွင် ၁၉၁ ချက်ဖြင့် တတိယဆုရရှိသော နှင်းရွှေရည်ဝင်း၊ ၁၅၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်၊ မြန်မာဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ ဦးအေးကိုကိုစိုးက အသက် ၁၄ နှစ်အောက် အမျိုးသားသက်တမ်းတွင် ၁၆၁ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို၊ ၁၅၇ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်က အမျိုးသား ၁၈ နှစ်အောက်တွင် အချက် ၁၆၀ ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျန်၊ ၁၅၉ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ ၁၅၅ ချက်ဖြင့် ပထမဆုရရှိသော ကောင်းထက်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးအောင်ကြည်နှင့် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က အမျိုးသား ၁၈ နှစ်အောက်တွင် ပထမဆုရရှိသည့် ကောင်းထက်အား ဆုချီးမြှင့်စဉ်။

39th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၀၊ ၂၁ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MGF**



## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများ ဆက်လက်ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို ယနေ့တွင် စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် စဉ့်ကိုင်မြို့နယ် ဆီဆိုင်ကျေးရွာ၌ ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးလျက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကြီးမြို့၌ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများအား လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအဆုံးသတ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်ကြီး မေ ၂၁**

တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် ပြည်နယ်အဆင့်ကင်းထောက်သင်တန်းမှ သင်တန်းသား သင်တန်းသူများအား တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု အဆုံးသတ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများအား လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအဆုံးသတ်ရေး စုပေါင်းအားဖြင့်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကင်းထောက်သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။



ထို့အတူ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ်၌ တစ်ခါသုံး ပလတ်စတစ်ပစ္စည်းများအား လျှော့ချသုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအဆုံးသတ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**

## ပုသိမ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အသိပညာပေး

**ပုသိမ် မေ ၂၁**

၂၀၂၅ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် “ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” “Ending Plastic Pollution” ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုသိမ်ခရိုင်ရုံး လူထုအခြေပြုဇာတ်ဌာနခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အသိပညာပေး Talk Show တွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ဝေနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုသိမ်ခရိုင်ရုံး ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းတို့က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်နှင့် ဆောင်ပုဒ်၏ ရည်ရွယ်ချက်၊ ပလတ်စတစ်ကို ကဏ္ဍပေါင်းစုံတွင် သုံးစွဲလာခြင်းကြောင့် ရရှိမည့်ဆိုးကျိုးများ၊ ပလတ်စတစ်စွန့်ပစ်မှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်သည့် အခြေအနေများနှင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ၊ ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ပလတ်စတစ်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ ပြည်သူလူထုသိရှိနိုင်ရန်အသိပညာပေးဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**




## မိတ္ထီလာမြို့နယ်၌ မဲစာရင်းများ မှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဋ္ဌမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများစစ်ဆေး

**မိတ္ထီလာ မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မဲစာရင်းများ မှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဋ္ဌမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ စစ်ဆေးခြင်းကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက စစ်ဆေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် မိတ္ထီလာခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းကျော်တို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံး၌ မဲစာရင်းများ မှန်ကန်ရေးအတွက် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း ပဋ္ဌမအကြိမ် မူကြမ်းကြိုတင်ပြင်ဆင်စိစစ်ခြင်းလုပ်ငန်းများ ဖြစ်သည့် ကွန်ပျူတာဝန်ထမ်းများ စုဖွဲ့ထားသည့် (e-ID Team) လုပ်ဆောင်နေမှု၊ မှတ်တမ်းခန်းနှင့် Biometric UID ရိုက်သွင်းနေမှုတို့အား စစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး ကွန်ပျူတာဝန်ထမ်းများ စုဖွဲ့ထားသည့် (e-ID Team)လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးရန် တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၇၈၅ တန်၊ သစ်မာ ၀ ဒသမ ၃၀၂ တန်၊ အခြားသစ် ၀ ဒသမ ၇၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၄၃၄)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Toyota Probox မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၉၉၄၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၁၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မအူပင်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၂၁ ရက်တွင် ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့ Toyota Lexus မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၃၅၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။





ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် အမှတ်(၂)လမ်းမကြီး ရှမ်းတဲကြီးကျေးရွာ ထက်ကေရီ ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၁၃၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အမှတ် (၂)လမ်းမကြီး စီးပွားရေးတက္ကသိုလ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Korea Airline လေယာဉ် ခရီးစဉ်အမှတ် KE-489 / SF-4813 ဖြင့် ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ကိုရီးယားနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၂၅၀၀၀)ကိုလည်းကောင်း၊ မေ ၂၀ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၈၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၃၇၀၆၅) ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၁၅၅၆၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်းရှိ ဂိုဒေါင်တစ်လုံး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇမ္ဗူသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၂၀၀၀၀) နှင့် လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့ တောင်ဇလပ်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၉၂၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၅၆၆၉၉၉)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်မှ ၁၈ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၅၃ ဒသမ ၅၈၀၄ တန်၊ သစ်မာ ၁၃ ဒသမ ၈၀၄၂ တန်၊ အခြား ၃၇ ဒသမ ၁၇၆၄ တန် စုစုပေါင်း ၁၀၄ ဒသမ ၅၆၁၀ တန်၊ ယာဉ်/ယန္တရားလေးစီး၊ တရားခံ ကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**



## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ



**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် နွေရာသီကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ပန်းချီနှင့် တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **အောင်မြင့်(ပြန်/ဆက်)**



# ဘုတ်ပြင်းမြို့၌ အငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်

**ဘုတ်ပြင်း မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက် ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ယနေ့နံနက်က ဘုတ်ပြင်းမြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး၏ကြီးကြပ်မှုဖြင့် သူနာပြုကြီး ဒေါ်သန်းသန်းဝေ ဦးဆောင်၍ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးကုသခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်းနှင့်လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဘုတ်ပြင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီနှင့်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်ဖြိုးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်



**မော်လမြိုင်ကျွန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိမိတို့၏ဆိုင်ခန်းများ၊ နေအိမ်များတွင်အသုံးပြုသော လျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ လျှပ်စစ်မီးစနစ်တကျကိုင်တွယ်အသုံးပြုရေး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်၊ မီးသတ်ဆေးဘူးနှင့်ရေပုံးများ အသင့်ထားရှိရန်၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီသတင်းပေးပို့ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ပြောကြားပြီး တာဝန်ရှိသူများက မီးဘေးစစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ) **ရဲကိုမောင်(ပြန်/ဆက်)**

# ပုသိမ်ခရိုင်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်



**ပုသိမ် မေ ၂၁**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပုသိမ်ခရိုင်ဘဏ်ခွဲတွင် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းကကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်မန်နေဂျာ ဒေါ်နွယ်နွယ်ဝင်းက စိုက်ပျိုးစရိတ်ချေးငွေ မူဝါဒစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဝင်းနိုင်နှင့် ခရိုင်မန်နေဂျာတို့က ပုသိမ်ခရိုင်၊ မိုးကုတ်ကျေးရွာအုပ်စုမှ တောင်သူ ၈၁ ဦး၏ မိုးစပါးစိုက်ဧက ၆၀၇ ဧက အတွက် တစ်ဧကလျှင် တစ်သိန်းငါးသောင်းနှုန်းဖြင့် ကျပ် ၉၁၀၅၀၀၀၀ ကို တောင်သူများ လက်ဝယ်အရောက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **တိုင်းဒေသကြီး(ပြန်/ဆက်)**



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်မှစ၍ စဉ်ဆက်မပြတ် ထုတ်ပေးလျက်ရှိရာ ပဲခူးခရိုင်အတွင်းရှိတောင်သူများသို့ ချေးငွေထုတ်ပေးခြင်းအား အဆိုပါရုံး၌ စတင်ထုတ်ပေးခြင်းများပြုလုပ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ဇော်မိုး၊ မန်နေဂျာ ဦးမျိုးထွန်းမြင့်နှင့် ခရိုင်မန်နေဂျာ ဒေါ်မိုးသီတာတို့က ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအုပ်စုမှ တောင်သူ ၅၇ ဦး၊ စိုက်ပျိုးမြေ ၃၄၃ အတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ဧက ၃၄၃ ဧကအတွက် ငွေကျပ် ၅၁၄၅၀၀၀၀ ကို စတင်ထုတ်ပေးစဉ်။

သတင်းစဉ်

# ကျောက်ဆည်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး

**ကျောက်ဆည် မေ ၂၁**

ကျောက်ဆည်မြို့နယ်၌ စပါးပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေးသင်တန်းကို မေ ၂၀ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဝင်းထိန်က အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မြေ၊ မျိုး၊ ပိုး တာဝန်ရှိသူများက မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး အသိပညာပေးသင်တန်းကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်တို့မှ ဝန်ထမ်းများ တက်ရောက်သင်ကြားခဲ့ကြသည်။



ယင်းနောက် တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်သည် ကျောက်ဆည်မြို့နယ်အတွင်းရှိ နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်များကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။ ကျောက်ဆည်မြို့နယ်၌ ၂၀၂၃-၂၀၂၄ မိုးစပါးရာသီ၌ စိုက်ဧကပေါင်း ၅၂၈၁၈ ဒသမ ၀၀ ဧက၊ နွေစပါးရာသီတွင် ၂၃၁၀ ဒသမ ၀၀ ဧက စုစုပေါင်း ၅၅၁၂၈ ဧက စုပေါင်းစိုက်ပျိုးခဲ့ကာ ၂၀၂၄- ၂၀၂၅ မိုးစပါးရာသီတွင် စိုက်ဧကပေါင်း ၅၂၈၁၉ ဒသမ ၀၀ ဧက၊ နွေစပါးစိုက်ပျိုးရာသီတွင် ၄၉၃၂ ဒသမ ၀၀ ဧက စုစုပေါင်း ၅၇၇၅၁ ဒသမ ၀၀ ဧက စိုက်ပျိုးခဲ့ပြီး ယခင်နှစ်ကထက် ၂၆၂၃ ဒသမ ၀၀ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

ယာဉ်များဆေးကြောလျှင်

ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# သန်လျင်မြို့နယ်၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၂၁**

သန်လျင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို အဖွဲ့များခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းက သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု မြယာရိုးကျေးရွာ ကွက်သစ် (၁)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစံလင်းနှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်ကလေးအသင်းနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ တစ်အိမ်တက်ဆင်း ဆောင်ရွက်ကြသည်။ (ယာပုံ)



သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌လည်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံချက်ချ၍ သတ်မှတ်ရက်အတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/24487, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူ ၁၄/ဟသတ(နိုင်)၂၆၅၃၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 52W/39887, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်အယ်နီးခူ ၁၄/ပသန(နိုင်)၂၂၁၀၀၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/1876, Mazda Bango SKFZT, Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၄/ပသရ(နိုင်)၀၉၈၉၃၈ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀)အထက် ကျေးလက်တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - (၂၃-၅-၂၀၂၅)ရက် (သောကြာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - (၅-၆-၂၀၂၅)ရက်(ကြာသပတေးနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - (၆-၆-၂၀၂၅)ရက်(သောကြာနေ့) ညနေ (၁၆:၃၀)နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာသွားပါမည်။
(င) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း)၊
(စ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၀၆၉၅၄၈၄ ရှမ်းပြည်နယ်(တောင်ပိုင်း)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂) ရမည်းသင်းခရိုင်တရားရုံး ၂၀၂၃ခုနှစ်၊ မူလတရားမကြီးမှုအမှတ်-၇၃ နှင့်ဆက်နွယ်သည့် ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၉

ဒေါ်စန်းစန်းဝင်း **နှင့်** ၁။ ကိုဆန်းထူးအောင်
၂။ မဖြူဖြူဝင်း

**(တရားနိုင်)** **(တရားရှုံးများ)**

ရမည်းသင်းမြို့၊ တိန်းညတ်ကုန်းရွာနေ (၁)တရားရှုံး ကိုဆန်းထူးအောင်နှင့် (၂)တရားရှုံး မဖြူဖြူဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၃တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇွန်လ ၃ရက်(၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၈ရက်)မွန်းမတည့်မီ(၁၀)နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ မေလ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေလင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရမည်းသင်းခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျပ်သန်း(၂၀) မှ ကျပ်သန်း(၂၀၀)အထိ ကျေးလက် လမ်း၊တံတားနှင့် အခြားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - (၂၃-၅-၂၀၂၅)ရက် (သောကြာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - (၂၉-၅-၂၀၂၅)ရက် (ကြာသပတေးနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - (၃၀-၅-၂၀၂၅)ရက် (သောကြာနေ့) ညနေ(၁၆:၃၀)နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံကြေညာသွားပါမည်
(င) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊
(စ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့

၂။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၉၆၀၆၉၅၄၈၄(ရှမ်းပြည်နယ်(တောင်ပိုင်း))**
**၀၉၂၆၂၉၈၈၈၃၃ (ရှမ်းပြည်နယ်အရှေ့ပိုင်း)**
**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကျေးရွာအမည် (နွယ်ခွေ)ကုန်းတလပေါင်ကျေးရွာ၊ မြေတိုင်းရပ်ကွက်အမှတ်(ကွင်းအမှတ်)၅၃၀(က/ခ)၊ မြေကွက်အမှတ်(၃၄)၊ ဧရိယာ(၂ဒသမ၇၂)ကေရှိ ဦးမောင်နက်အမည်ပေါက် မြေကွက်ကြီး(၁)ကွက်အား ရောင်းချပိုင်ခွင့်၊ လက်ဝယ်ထားစီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဟုဆိုသူ ဦးမာမက်ဆရာဂျူဒင်၏သား ဦးချစ်ကိုကိုသိန်း(၁၂/တမန(နိုင်)၁၂၀၆၅၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက မြေကွက်ဖိုးငွေများကို အပြီးအပြတ် ပေးချေပြီး လက်ရောက်ဝယ်ယူထားပါကြောင်း သိရှိရပါသည်။ ယခုအခါ ၎င်းမြေကွက်နှင့် ပတ်သက်၍ တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးအောင်ကျော်ဦး (LL.B) DL-101WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၀၇၀)**
**အမှတ်(၇၉)၊ နတ်စင်လမ်း၊ (က)ရပ်ကွက် ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၄၂၁၅၆၆၉၂၆၊ ၀၉-၉၅၆၅၄၂၃၂၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ ( တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅) ပြင်ဦးလွင်မြို့နယ် တရားရုံးတော် ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

၁။ ဦးခင်မောင်ညွန့် **နှင့်** ဦးအောင်ထွန်း
၂။ ဦးခင်မောင်အေး

**တရားလိုများ** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ၃/ပဒေသာ၊ အမှတ် (၃၁၀)နေ တရားပြိုင် ဦးအောင်ထွန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်မောင်ညွန့်နှင့် ဦးခင်မောင်အေးတို့က မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၅ ရက် (၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင်အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ ) ဒဂုံမြို့သစ်ခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၄

ဒေါ်တင်တင်မြ **နှင့်** ဒေါ်အုန်းမြင့်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင်လမ်း၊ အမှတ်(၁၀၀၀)နေ၊ ဒေါ်အုန်းမြင့်(ယခုလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၁ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို(၁၆)လမ်း၊ မြေကွက်အမှတ်(H-45)ဟုခေါ်တွင်သော အလျား x အနံ (၂၀ x ၆၀)ပေအကျယ်ရှိ (ခြေရင်းခြမ်း)ဦးကျော်မြင့် အမည်ပေါက် မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြင့်မြင့်အေး ၁၂/သလန(နိုင်)၀၁၂၇၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့အောင် ၁၂/သလန(နိုင်) ၁၁၂၁၈၆က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်လွှဲရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)** **ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)**
**(စဉ်-၁၄၆၆၈)** **(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ဖုန်း-၀၉-၇၉၇၀၀၇၅၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၃၄၁)၊ မြေဧရိယာ (၀.၁၄၆)ဧက၊ ဒေါ်တိုးဝေဖြိုး (ဘ)ဦးသက်ရှည် ၁၂/ရကန(နိုင်)၀၁၉၃၂၉ အမည်ပေါက် နှစ် (၃၀) မြေငှားဂရန်စာချုပ် မြေကွက်ကို ဒေါ်တိုးဝေဖြိုးမှ ဒေါ်ဆုဝေလွင် (ဘ)ဦးသိန်းနိုင် ၈/ပခတ(နိုင်)၁၉၇၀၉၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပုတာအိုမြို့၊ အခြေခံပညာ အထက်တန်း အထက်ဆန်ဂေါင်ကျောင်း KG တန်းမှ မောင်ခေါင်လန်ထင်ရမ်၏ ဖခင်အမည်မှန်မှာ ဦးခေါင်လန်ဂျောင်ဆားရ် ၁/နမန(နိုင်)၀၀၆၆၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် သမီးအမည်မှန်

ပူတာအိုမြို့၊ ဆန်ဂေါင်ကျေးရွာနေ ဦးခင်ဆန်ဒီးတန်၏ အမည်မှန်မှာ ဦးခင်ဖန်ဒီးတန် ၁/ပတအ(နိုင်)၀၃၁၆၅၅ ဖြစ်ကြောင်းနှင့် သမီး ပူတာအိုမြို့ အထက အောက်ဆန်ဂေါင်ကျောင်း Grade-10 မှ မဇမီရမ်၏ အမည်မှန်မှာလည်း မခင်ဖန်နင်ဖြစ်ပါကြောင်း။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက် အမှတ် (၂၈)၊ အကျယ်အဝန်း(ပေ ၄၀xပေ၆၀)ရှိ ဦးလှမြိုင် CF-၀၄၃၈၈၀၊ ၁၂/မဂတ(နိုင်)၀၂၄၇၄၂ အမည်ပေါက်ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း။

အထက်ဖော်ပြပါ မြေကွက်အပါအဝင်အကျိုးခံစားခွင့်အားလုံးကို တရားဝင်ဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀ ထံမှ ကျွန်တော်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းတိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးတင်မိုးအောင် (LL.B,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၇၈)**
**(၂၃-၁-၂၀၁၄) အမှတ် (၁၆/A-1)၊ အရိယမဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၉၁၅၇၉၊ ၀၉-၇၈၇၂၈၇၈၈၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6752, Nissan Condor MK 25B (Truck) ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(အောင်ပန်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ပုဏ္ဏားစု(၆)လမ်းနေ ဦးပြုံးကြွယ်-ဒေါ်သန်းသန်းတို့၏သား မောင်အာကာပြုံးကြွယ် ၇/ပခန(နိုင်)၂၉၆၈၆၀သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှု နာမခံဘဲ၊ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် နည်းမျိုးစုံဖြင့် ပြုလုပ်နေပါသောကြောင့် သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ မောင်အာကာပြုံးကြွယ်နှင့် ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်သန်းသန်း ၇/ပခန(နိုင်)၀၉၅၈၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၅၉၆၊ ၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၅၉၆)၊ မြဝတီမင်းကြီးလမ်း၊ ၁၆/ရွှေပေါက်ကံ၊ ဗိုလ်မှူးနေလင်း(A/RGN-၀၀၅၇၁၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား၊ မြေအမည်ပေါက် ဗိုလ်မှူးနေလင်း(ခင်ပွန်း)သည် (၂၃-၃-၂၀၁၆)ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်သိန်းထံမှ (၁၁-၉-၂၀၁၈)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်နုနုဝေက မရမ်းကုန်းခရိုင် တရားရုံး၊တရားမကြီးအမှုအမှတ်-၂၀၅/၂၀၂၄ဖြင့် ဒေါ်သိန်းအပေါ် ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုခဲ့ရာ(၂၆-၁၂-၂၀၂၄)ရက်က ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏တရားမဇာရီအမှုအမှတ်-၂၈/၂၀၂၅(၁၁-၂-၂၀၂၅)ရက်စွဲပါအမိန့်အရ တရားရှုံးကိုယ်စားဘိလစ်စာရေးကြီး ဒေါ်ခင်နှင်းရီ(၁၂/မရက(နိုင်)၁၅၃၈၂၆)က ဖော်ပြပါတရားရုံးအမိန့်များ၊ ဘိလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းသိပေး အကြောင်းကြားအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/33934, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဂျက်ဆင် ၁၄/ပသန(နိုင်)၂၀၂၁၃၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/6761, Nissan Diesel CD450VN,Trans parter ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၁၄/မမန(နိုင်)၁၄၈၃၁၉ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/74274, Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံထွန်း ၁၄/ပသန (နိုင်)၂၅၃၀၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/4448, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မွန်ထွေး ၁၄/ငပတ(နိုင်)၁၇၉၃၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၀)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင် ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးစာရေးကိရိယာ (၂)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂၉) နေပြည်တော်**တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၀)မျိုး**

**တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၂၃-၅-၂၀၂၅ရက်မှ ၅-၆-၂၀၂၅ရက်အထိ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၆-၆-၂၀၂၅ရက်(သောကြာနေ့) (၁၅:၀၀)နာရီ
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၂-၆-၂၀၂၅ ရက်(ကြာသပတေးနေ့)

**ရုံးအသုံးအဆောင်ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးစာရေးကိရိယာ(၂)မျိုး**

**တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၂၃-၅-၂၀၂၅ရက်မှ ၆-၆-၂၀၂၅ရက်အထိ
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၉-၆-၂၀၂၅ရက်(တနင်္လာနေ့)(၁၅:၀၀)နာရီ
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၁၇-၆-၂၀၂၅ရက်(အင်္ဂါနေ့ )

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံဝယ်ယူသည့်နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website: www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm ၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၀၊ ဦးပိုင်အမှတ် ၃၀/၅၀x၅၁ ကြား၊ ၁၀၇x၁၀၈ ကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း တသမြဝင်းကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိန်စိန် ၉/မနမ(နိုင်)၀၈၄၁၅၀ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၄/က-၁၁ဘီ၊ အကျယ်အဝန်း (၁ဒသမ၀၉၃) ဧကရှိ မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၁၃၁)ဟု ခေါ်တွင်သည့် (၆)ထပ်တိုက်အဆောက်အအုံ(Apollo Hotel)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ကံကောင်းခြင်း စံအိမ်ကုမ္ပဏီလီမိတက် (ကုမ္ပဏီအမှတ် ၁၁၄၅၃၃၅၉၉)နှင့် ဒေါ်ခိုင်ခိုင်ဝင်း ၁/မညန(နိုင်) ၀၀၃၉၁၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၆)ထပ်တိုက် အဆောက်အအုံ(Apollo Hotel)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန့်ဇော်ဝင်းဦး (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)**
**တိုက် C2A, အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ-၂၀) ကျိုက်ထိုခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

ဒေါ်သန်းနွဲ့ **တရားလို** နှင့် ဒေါ်စန်းယုမော် **တရားပြိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဗိုလ်တေဇရပ်ကွက် (ဘီးလင်း-နတ်ကြီးကားလမ်းမတန်း) အုပ်စု(၁)နေ တရားပြိုင် ဒေါ်စန်းယုမော်(ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းနွဲ့က “တရားလိုဝယ်ယူထားသည့် တစ်ထပ်တိုက်ပုနေအိမ်နှင့်ခြံမြေပေါ်မှ တရားပြိုင်သည် ၎င်းသဘောတူကတိပြုထားသည့်အတိုင်း၊ လွှဲပြောင်းပေးအပ်၊ ဖယ်မပေး၊ ပျက်ကွက်သည့်အတွက် တရားလိုက တရားပြိုင်သို့ပေးအပ်ခဲ့သည့် ရောင်းကြေးငွေကျပ်သိန်း(၅၀၀)၏နှစ်ဆ ကျပ်သိန်း (၁၀၀၀)ရလိုကြောင်း” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၉)ရက် (၁၃၈၇ ခုနှစ် နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည် သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ(၁၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မွန်ရည်အေး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျိုက်ထိုခရိုင်တရားရုံး**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ်(၅၅)၊ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၇၉က)၊ မြေရေိယာ(၀ဒသမ၃၁၃)ဧက၊ ၎င်းအကွက် ဦးပိုင်အမှတ်(၇၉ခ)၊ မြေရေိယာ(၀ဒသမ၁၀၄)ဧက၊ စုစုပေါင်း မြေရေိယာ(၀ဒသမ၄၁၇) ဧကရှိ မြေကွက်အား အရှေ့ဘက် ဦးပိုင်အမှတ်(၈၀က+၈၀ခ+၈၀ဃ+၈၁)၊အနောက်ဘက်-မင်းလမ်း၊ တောင်ဘက်-ဦးပိုင်အမှတ်(၇၈)၊ မြောက်ဘက်-မြသပိတ်ဘုရားလမ်းရှိမြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဒေါ်အေးမို့မို့လှိုင်မှ လျှောက်ထားလာသည့်အတွက် ဒေါ်အေးမို့မို့လှိုင်၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇွန်လ ၁၅ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၂)၊ ရွာတန်းရှေအကွက်၊ ဦးပိုင်အမှတ်(၅၂)၊ မြေရေိယာ(၀ဒသမ၁၇၇)ဧက အနက်မှA.B.C.D အတွင်းရှိ ရေိယာ(၀ဒသမ၀၈၆)ဧကရှိမြေကွက်အား အရှေ့ဘက်-ဦးပိုင်အမှတ် (၅၀)၊ အနောက်ဘက်-နတ်စင်လမ်း၊ တောင်ဘက်-ဦးပိုင်အမှတ်(၅၂)၊ မြောက်ဘက်-ဦးပိုင်အမှတ်(၂+၃+၄+၅)ရှိ မြေကို (ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် ဦးလွင်မျိုးခိုင်မှ လျှောက်ထားလာသည့်အတွက် ဦးလွင်မျိုးခိုင်၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/39017, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/မနတ(နိုင်)၀၇၁၆၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/31869, Honda C90 SDX ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိအောင် ၉/မဟမ(နိုင်)၁၁၅၃၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၂၁)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- (၁/ထီးနီကုန်း)၊ ဦးပိုင်အမှတ်(၁၃၁/၃၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေနေရာအား ဦးသက်နိုင်ဦး၊ ဒေါ်စိုးစိုးအောင် တို့မှ မြေငှားဂရန်အသစ်လျှောက်ထားလာ၍ ကန့်ကွက်လိုသူများအနေဖြင့်ခိုင်မာသည့်အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးသက်နိုင်ဦး၊ ဒေါ်စိုးစိုးအောင်တို့အား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/23528, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၉/မရတ(နိုင်)၀၅၀၉၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၉၀၈၈၃, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်ဦး ၁/မကန(နိုင်)၁၄၆၃၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/79123, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်သန့် ၉/မရမ(နိုင်)၀၀၀၆၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ် ၇/ခဲလည်တောင်ရပ်၊ ဦးပိုင်အမှတ် (၂၃-က)၊ မြေရေိယာ ( ၀.၀၆၆)ဧကရှိ မြေကွက်အား မြေငှားဂရန် အမှတ်တွဲအမှတ် ( ၅၃/၁၉၆၃-၁၉၆၄ ) အရ ဦးလှကြည် အမည်ပေါက်ပြီး အဆိုပါအမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဒေါ်မြမူ ပါ (၄) ဦး (၉/မမန(နိုင်)၀၀၅၇၃၁)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အင်းယားကျေးရွာအုပ်စု၊ အင်းယားကျေးရွာ(ရွာသစ်)၏ တောင်ဘက်တွင်ရှိသော ဧရိယာအကျယ်အဝန်း အလျား (၁၅၆ x ၂၂၇)ပေ၊ အနံ(၂၄၀ x ၂၄၄)ပေရှိ မြေကွက်သည် အရှေ့လားသော် ဦးစန်းမြင့်အောင်၏မြေကွက်၊ အနောက်လားသော် ဦးခင်မောင်ဌေး၏ခြံကွက်၊ တောင်လားသော် ဦးစန်းမြင့်အောင်၏မြေကွက်၊ မြောက်လားသော်-လမ်းမြေဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ/ရောင်းသူ ဒေါ်စိုးစိုးအောင် ၁၂/ကမရ(နိုင်)၀၃၀၃၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ထက်မင်း ၉/ပဥလ(နိုင်)၀၁၉၁၈၀ က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက် ကျော်လွန်သည့်နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးမင်းအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၃၅)**
**အင်းယားကျေးရွာ၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၁၃၆၀၇၀၁**

## ဦးမောင်မောင်မြင့်လွင် (၇/ဝမန(နိုင်)၀၇၆၃၀၆) နှင့် M PiTi Engineers Group Construction Co.,Ltd. သိစေရန်ကြေညာခြင်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဒေါ်ညွန့်ညွန့်သန်း (ဘ) ဦးစောမောင် ၁၃/ဟပန(နိုင်)၀၀၁၉၁၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၀၉၀၅)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင် ခင်ပွန်းဖြစ်သူ ဦးမြင့်စန်း (ဘ) ဦးစန်းထွန်း ၁၂/မတန(နိုင်)၀၀၂၂၃ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ဖွဲ့ကပင်လမ်း၊ မြေကွက်အမှတ်(၁၀၉၈)၊အကျယ်အဝန်း(၄၁ပေ× ၆၀ပေ)ရှိ ဦးချစ်ဖွယ်(၉/မမန(နိုင်)၀၂၂၀၃၁)နှင့် ဦးလှစိုး(၉/ပဥလ(နိုင်)၀၆၀၃၈၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါအမည်ပေါက်သူများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

-လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မျိုးနိုင်
LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃)
အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၂၅၀၂၉၀၇၈၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ဓာတုအင်ဂျင်နီယာ ပေါင်းကူးဘွဲ့ကြိုသင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်၊ မန္တလေး)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဓာတုအင်ဂျင်နီယာ ပေါင်းကူးဘွဲ့ကြို သင်တန်းဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

၂။ အဆိုပါသင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ပေါင်းကူးသင်တန်း (၁)နှစ်ကို ပုံမှန်ဓာတုအင်ဂျင်နီယာဘွဲ့သင်တန်း၏ စတုတ္ထနှစ်တွင် ဖြည့်စွက်သင်ရိုးညွှန်းတမ်းနှင့်အတူ တက်ရောက်ရမည်ဖြစ်သည်။

၃။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲသို့ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူ များအား ဝင်ရောက်ဖြေဆို ခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) B.Sc.(IC)(Hons:) (သို့မဟုတ်) B.Sc.(IC)Q (ဘွဲ့သင်တန်း တက်ရောက်နေစဉ်အတွင်း သင်တန်းနှစ်တိုင်း Mathematics ဘာသာရပ်ကို ရွေးချယ်သင်ယူထားသူ၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နောက်ပိုင်းဘွဲ့ရရှိသူ၊ မဟာဘွဲ့သင်တန်းတက်ရန် အဆင့်မီသူ) ဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ပေါင်းကူးသင်တန်း (၁)နှစ် ပြီးမြောက်အောင်မြင်ပါက ပုံမှန်ဘွဲ့ကြိုသင်တန်း၏ ပဥ္စမနှစ်နှင့် ဆဋ္ဌမနှစ် သင်တန်းများသို့ ဆက်လက်တက်ရောက်ရမည်။
(င) ဘွဲ့ကြိုသင်တန်းပြီးမြောက်အောင်မြင်ပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဆရာ၊ ဆရာမအဖြစ် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) သင်တန်းကြေးအနေဖြင့် လက်ရှိ ပုံမှန်တက်ရောက်နေသော သင်တန်းသားများပေးဆောင်ရသည့် သင်တန်းကြေးအတိုင်း ပေးဆောင်ရမည်။

၄။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ၊ မဟာဘွဲ့သင်တန်းတက်ရန် အဆင့်မီသူဖြစ်ကြောင်း အောင်မြင်ခဲ့သော တက္ကသိုလ်မှ ထောက်ခံချက် (မူရင်းနှင့်မိတ္တူ)နှင့် ဘွဲ့လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာတက္ကသိုလ်များ၌ ၂၁-၇-၂၀၂၅၊ (တနင်္လာနေ့) တွင်စတင်ထုတ်ယူရမည်ဖြစ်ပြီး ၂၈-၇-၂၀၂၅ (တနင်္လာနေ့) နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်၍ မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂၉-၇-၂၀၂၅ (အင်္ဂါနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်သည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို သက်ဆိုင်ရာတက္ကသိုလ်များ၌ အောက်ပါအတိုင်း ကျင်းပမည် ဖြစ်သည်-

| ဖြေဆိုမည့်ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
| --- | --- | --- |
| ၄-၈-၂၀၂၅ | Engineering Mathematics | (၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီ |
| ၅-၈-၂၀၂၅ | Mechanical Engineering Drawing | (၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီ |
| ၆-၈-၂၀၂၅ | General Chemical Engineering | (၀၉:၀၀) နာရီမှ (၁၂:၀၀) နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို မိမိနှင့်အတူ တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၁၁-၈-၂၀၂၅ (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁၃-၈-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ပြုလုပ်မည်ဖြစ်သည်။ ဓာတုအင်ဂျင်နီယာပေါင်းကူး ဘွဲ့ကြိုသင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၁၄-၈-၂၀၂၅ (ကြာသပတေးနေ့)တွင် ထုတ်ပြန် ကြေညာပေးမည်။

၉။ အသေးစိတ် သိရှိလိုသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်-

| စဉ် | တက္ကသိုလ် | ဖုန်းနံပါတ် |
| --- | --- | --- |
| ၁ | ရန်ကုန်နည်းပညာတက္ကသိုလ် | ၀၁-၃၆၄၂၄၁၃၊၀၉-၄၂၀၀၃၉၈၂၃ |
| ၂ | မန္တလေးနည်းပညာတက္ကသိုလ် | ၀၉-၂၀၁၆၅၀၉ |
| ၃ | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | ၀၉-၂၅၀၀၇၃၉၉၆ |
| ၄ | နည်းပညာတက္ကသိုလ်(သန်လျင်) | ၀၉-၂၆၄၈၃၃၃၉၃ |
| ၅ | နည်းပညာတက္ကသိုလ်(မန္တလေး) | ၀၉-၉၈၈၄၈၄၁၇၂ |

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/3947 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၂၂၄၇၅ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွန်း ၉/မနမ(နိုင်) ၀၅၂၈၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ မရွှေဥကျေးရွာအုပ်စု၊ မရွှေဥကျေးရွာနေ (ဘ) ဦးသန်းငွေ၏ သမီး ဒေါ်မစု ၁၂/ထတပ(နိုင်) ၁၀၅၆၂၅ နှင့် ဒေါ်သန်းသန်းမြင့် ဟု အမည်နှစ်မျိုး ဖြစ်နေသော်လည်း ကျွန်မတစ်ဦးတည်း၏ အမည်များသာဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ Grade-1 အောင်မှ မောင်မင်းထက်သာ၏ မိဘအမည်မှန်မှာ ဦးဟန်မြင့် ၁၃/တကန (နိုင်) ၀၄၄၁၅၂ နှင့် ဒေါ်နှင်းဝေ ၁/မကန (နိုင်)၀၃၇၁၄၀ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်သီတာ ၁/မကန (နိုင်)၁၀၄၈၆၂၏ ပတ်စ်ပို့နံပါတ် (MB-483917) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၂၂၄၂၀၈၄

## မူပိုင်အဖြစ်မှတ်ပုံတင်သွင်းထားသော Crystal ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော အမျိုးသမီးဝတ်၊ ကလေးဝတ်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီအမျိုးမျိုး၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီအတိုအရှည်၊ အမျိုးသမီးဝတ် စကတ်အမျိုးမျိုး၊ အမျိုးသမီးဝတ်စွပ်ကျယ်၊ အမျိုးသမီးဝတ် အဝတ်အထည်များ၏ ပုံစံဒီဇိုင်းဆင်တူယိုးမှား မှိုငြမ်းတုပကူးယူ၍ Crystal ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသမီးဝတ် အဝတ်အထည်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် သတိပေး တားမြစ်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စရည်းပင်လမ်း၊အမှတ်-၁၇၉ နေ ဦးထွန်းနေဝင်း ၁၂/ဗတထ(ဧည့်)၀၀၀၁၉၆ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏အမှုသည်က အောက်တွင်ကပ်နှိပ်ဖော်ပြထားသော **Crystal** ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၈-၇-၂၀၁၀) ရက်စွဲပါ မှတ်ပုံတင်အမှတ်-၄/၄၇၅၁/၂၀၁၀ အရ မှတ်ပုံတင်သွင်းခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင်လည်း **Application Number: T/2023/011267** ဖြင့် မူပိုင်ခွင့်တင်သွင်းလက်ခံထားပြီးသည့် အမှတ်တံဆိပ်ဖြစ်ပါသည်။

ထိုသို့ တစ်ဦးတည်းမူပိုင်အဖြစ် စတင်မှတ်ပုံတင်သွင်းပြီးသည့်အချိန်မှ ယနေ့အချိန်အထိ **Crystal** ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် အမျိုးသမီးဝတ်၊ ကလေးဝတ်၊ ရှပ်အင်္ကျီအမျိုးမျိုး၊ စပို့ရှပ်၊ တီရှပ်၊ ကုတ်အင်္ကျီ အမျိုးမျိုး၊ စတိုင်လ်ဘောင်းဘီ၊ ဘောင်းဘီ အတိုအရှည်၊ အမျိုးသမီးဝတ် စကတ်အမျိုးမျိုး၊ အမျိုးသမီးဝတ် စွပ်ကျယ်၊ အမျိုးသမီးဝတ် အဝတ်အထည်နှင့် ပတ်သက်သော ကုန်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့အား ကိုယ်တိုင်ထုတ်လုပ်ပြီး ဆိုင်ခန်းများဖွင့်လှစ်၍လည်းကောင်း၊ Online မှလည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အထက်ဖော်ပြပါ ပစ္စည်းအမျိုးမျိုးတို့ကို တစ်ဦးတည်း မူပိုင်ဖြစ်သော **Crystal** ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေခြင်းနှင့်ပတ်သက်၍ (၂၀-၂-၂၀၁၁) ရက်စွဲပါ ကြေးမုံသတင်းစာ (စာ-၁၈)တွင် အများသိစေရန်ကြေညာခဲ့ပြီးလည်းဖြစ်ပါသည်။ ထို့အပြင် **Crystal** မှ ထုတ်လုပ်သည့် အမျိုးသမီးဝတ်အထည်အမျိုးမျိုးတို့ကို နာမည်ကျော်အနုပညာရှင်များနှင့် ဂျာနယ်များတွင် ထည့်သွင်း ကြော်ငြာထားပြီး ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့၏အမှုသည်တစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲနိုင်ရန်အတွက် မှတ်ပုံတင်သွင်းထားသည့် **Crystal** ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး၊ ချုပ်လုပ်မှုပုံစံဒီဇိုင်းအမျိုးမျိုးတို့ကို ဆင်တူယိုးမှားထင်ယောင်ထင်မှား မှိုငြမ်းတုပ ကူးယူ၍ **Crystal** အမည်ဖြင့် အမျိုးတူကုန်ပစ္စည်းများဖြစ်သည့် အမျိုးသမီးအဝတ်အထည်အမျိုးမျိုးတို့ကို လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းအချို့က မြန်မာနိုင်ငံဈေးကွက်အတွင်း၌ ဖြန့်ဖြူးရောင်းချရန်အတွက် ကြော်ငြာနေခြင်း၊ လိုက်လံဖြန့်ဖြူးရောင်းချနေခြင်း၊ Online လူမှုကွန်ရက်မှတစ်ဆင့် ရောင်းချနေခြင်းတို့ကို တွေ့ရှိရပါသည်။

ထိုသို့ **Crystal** ကုန်အမှတ်တံဆိပ်ဖြင့် အဝတ်အထည် ဒီဇိုင်းအမျိုးမျိုးတို့ကို ဆင်တူယိုးမှား မှိုငြမ်းတုပထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချနေသည့်နေရာနှင့် လူပုဂ္ဂိုလ်အဖွဲ့အစည်းကိုလည်းကောင်း၊ **Online Facebook Page** များကိုလည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် တွေ့မြင်ကြားသိ စုံစမ်းသိရှိထားပြီးဖြစ်၍ ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသောကြောင့် မသိနားမလည်သူများ ပါဝင်ပတ်သက်ခြင်း မဖြစ်လာစေနိုင်ရန်အတွက် **Crystal** ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် အဝတ်အထည်ဒီဇိုင်းပုံစံ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား မှိုငြမ်းတုပကူးယူထားသော ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန် ပြင်းထန်စွာသတိပေး အပ်ပါသည်။

သတိပေးတားမြစ်ချက်ကို မလိုက်နာဘဲ တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်သည့် မည်သည့်လူပုဂ္ဂိုလ်၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် အများပြည်သူများ မှားယွင်းဝယ်ယူအသုံးမပြုစေရန်နှင့် လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချမှုမရှိစေရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းနေဝင်း (၁၂/ဗတထ(ဧည့်)၀၀၀၁၉၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဒေါ်နွယ်နွယ်ဇင်(စဉ်-၁၅၇၂၄) ဦးဝေဖြိုးကျော်(စဉ်-၁၇၀၀၅)**

**ဒေါ်လဲ့လဲ့ဝင်း(စဉ်-၁၄၁၃၂) ဒေါ်ဝေဇင်အောင်(စဉ်-၁၆၇၀၆) ဦးတင်ထွန်းမြင့်အောင်(စဉ်-၁၇၂၉၂)**

**ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂) ဒေါ်ယဉ်မြတ်မွန်(စဉ်-၁၆၈၄၂) ဦးထက်ခေါင် (စဉ်-၁၇၅၆၉)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၆၇၊ မြေညီထပ်၊ ၃၈ လမ်း၊ ဖ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း - ၀၉-၅၁၂၇၁၄၄ ၊ ၀၉-၇၆၅၁၂၇၁၄၄ ၊ ၀၁၈-၃၈၄၇၈၃**

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မှတ်ပုံတင်နံပါတ်အမှန်

မြစ်ကြီးနားမြို့၊ မနောရတနာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 အောင်မှ မောင်ရိန်ဂျတ်အောင်၏ဖခင် ဦးနာပါဇော်ရိန်(ခ)ဦးသိန်းစိုး သည် တစ်ဦးတည်းဖြစ်၍ မှတ်ပုံတင်နံပါတ်အမှန်မှာ ၁၀/မဒန(နိုင်)၁၂၇၄၁၆ ဖြစ်ပါသည်။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )**

**ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၉ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၄၂**

ဒေါ်သန်းသန်းဝင်း နှင့် ၁။ ဦးလှကြူး
၂။ ဒေါ်နှင်းနှင်းယု

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် - ၂၃၆ နေ (၁)တရားရှုံး ဦးလှကြူး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( လှဦး )
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ CR(59-A) နေ ဦးရာဂျူး ၁/မကန(နိုင်)၀၉၀၆၇၂၊ ဒေါ်သေးသေးမြင့် ၁/မကန(နိုင်) ၁၃၂၇၅၄ တို့၏သား မောင်အောင်မိုးမြင့် ၁/မကန(နိုင်)၂၇၂၆၁၀ သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေသည့်အတွက် ၎င်းအား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိဘဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရာဂျူး-ဒေါ်သေးသေးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်ယဉ်အေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၆၈)**

**ရပ်ကွက်-(၁)၊ ဝိုင်းမော်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီ(၂၁)လမ်း၊ ၁၂-ရပ်ကွက်၊ အမှတ်(၂၉၇)ဟုခေါ်တွင်သော မြေအကျယ်အဝန်း (၃၄ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်၏ တိုက်ခန်းအမှတ်(၃-အေ)၊ အကျယ်အဝန်း(၁၅ပေခွဲx၅၄ပေ)ရှိ တိုက်ခန်း(၁)နှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကန်ထရိုက်တာ ဦးနေလင်းထွန်း ၁၃/တကန(နိုင်)၁၄၉၆၀၇ ထံမှ ၂၀၂၅ခုနှစ်၊ ဧပြီ ၁၁ရက်တွင် ပြုလုပ်ချုပ်ဆိုသည့် နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဦးရဲအောင်သန့် ၁၂/ကမတ(နိုင်)၀၆၉၉၇၁ နှင့် ဒေါ်ချောသီဂီနွယ် ၁၂/အလန(နိုင်)၀၄၃၃၉၉ တို့မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းကင်း၍စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး၊ ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇ ရက်)အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝဿန်စည်သူ(LL.B)( D.I.L )(D.B.L) ဒေါ်မြတ်သွယ်ချမ်း(LL.B)(D.B.L)**

**အထက်တန်းရှေ့နေ (၅၃၀၀၃) အထက်တန်းရှေ့နေ (၅၅၆၆၈)**

**ဖုန်း - ၀၉-၄၂၁၁၀၁၀၀၆၊ ၀၉-၈၅၇၇၅၂၁၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်-၂၊ အခန်း- ၃၀၂၊(တတိယထပ်)၊ အကျယ်အဝန်း ၁၁၅၀ စတုရန်းပေရှိ တိုက်ခန်းဥပစာကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ စုပေါင်းပိုင်အဆောက်အအုံပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်တွင် ဦးသန်းထွဋ်အမည်ဖြင့် တိုက်ခန်းဥပစာနှင့်ယင်းတိုက်ခန်း ဥပစာပေါ်တွင် တွဲကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပိုင်ရှင် ဦးသန်းထွဋ်ထံမှ ဦးဇော်မင်းထွန်းနှင့် ဒေါ်သင်းစန္ဒာဝင်း တို့ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ၍ ၎င်းသာလျှင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ယုံကြည်၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှလှထွေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၂၇)**

**အမှတ်- ၈၃/၈၅၊ အခန်း (၁၄)၊ ဒုတိယထပ်ပန်းဆိုးတန်းလမ်း၊**

**ကျောက်တံတားမြို့နယ်၊ ဖုန်း- ၀၉-၄၂၁၁၀၄၇၅၈၊**

## တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက် ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးစာရင်းကိုသိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများကို တစ်စုံလျှင် - ၁၀၀၀၀/- ကျပ် (တစ်သောင်းကျပ်) နှုန်းဖြင့် ဆေးရုံအုပ်ကြီး (ရုံးခန်း)တွင် ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၃။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၀-၅-၂၀၂၅ ရက် (အင်္ဂါနေ့) |
| | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - | ၁၇-၆-၂၀၂၅ ရက် (အင်္ဂါနေ့) ညနေ (၄: ၀၀) နာရီ |
| ၄။ | **အိတ်ဖွင့်တင်ဒါ ပြုလုပ်မည့်ရက်** | - | ၁-၇-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ( ၁၀ : ၀၀)နာရီ |

**(တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ)**

**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**

**စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း - ၀၁-၆၄၅၇၅၆ ၊ ၀၁ - ၆၄၅၇၅၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂)၊ လူနေရပ်ကွက် အမှတ်(၁၂)၊ ၁၂-ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ မြေကွက်အမှတ်(၉၂၇)၊ မြေအကျယ်အဝန်း(အလျား ၆၀ ပေ x အနံ ၄၀ ပေ)၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံရှိ ပထမထပ် (A-2)(ခေါင်းရင်းဘက်ခြမ်း)ဟုခေါ်တွင်သည့် တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားပိုင်ဆိုင်၊ စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြသူများဖြစ်ကြောင်း ဝန်ခံကတိပြုကြသူ (၁)ဒေါ်တင်တင်ဦး ၁၂/ဥကတ(နိုင်) ၁၁၆၅၁၅၊ (၂)ဒေါ်ဆွေဇင်စိုး ၁၂/ဥကတ(နိုင်)၁၄၄၂၆၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစင်မိုး ၁၂/ဥကတ(နိုင်)၁၆၉၀၅၇ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးလူမော်ထိုက် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၉)**

**အမှတ်(၉၂၇)(A-1)၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၀၀၀၆၂၆၊ ၀၉-၄၅၆၃၃၂၇၃၃**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမြစန်းအေး ၁၄/နေဖ (နိုင်)၁၂၉၀၂၀၏ ပတ်စ်ပို့နံပါတ် (MF-၃၆၅၂၁၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၇၃၉၇၇၅၉**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၈-၅-၂၀၂၅ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၇)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ကြည်ကြည်နိုင်၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ပါမစ်မြေအစား ဂရန်မြေဟုလည်းကောင်း၊ ပါမစ်အမည်ပေါက်အစား ဂရန်အမည်ပေါက်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးရန် အသိပေးကြေညာပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/55280 Dayang-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဝိုင်း ၈/နမန(နိုင်) ၁၄၀၃၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/30770 Yinxiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ကိုကို ၉/အမဇ(နိုင်) ၀၂၉၉၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ မြို့ကွက်သစ်၊ မြေကွက်အမှတ်(၉၅၂)မြေကွက်သည် ဒုတိယဗိုလ်မှူးကြီးဝဏ္ဏအောင်၊ မံစီ၊ ၇/ရကန (နိုင်)၀၀၆၅၀၄ အမည်ဖြင့် မြို့မြေနေရာချထားရေးဗဟိုကော်မတီ၊ မြစ်ကြီးနားမြို့ (စာအမှတ်-မြို့မြေနေရာချထားရေးမှ ၂၇- ၈ -၂၀၁၀ ရက်တွင် မြေပေးမိန့် ချထားပေးခဲ့ပါသည်။ ၎င်းမြေပေးမိန့်မူရင်းမှာ တပ်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စဉ် အိမ်ထောင်ပစ္စည်းများရွှေ့ပြောင်းသယ်ယူရာ၌ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မိတ္တူမှန် ပြန်လည်လျှောက်ထားသည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒုတိယဗိုလ်မှူးကြီးဝဏ္ဏအောင်**

**ဖုန်း-၀၉-၄၂၅၀၅၉၁၄၇**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးအုန်းခင်
## အသက်(၈၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန် (၁)လမ်း၊ အမှတ်(၆၄) မြေညီနေ၊ (ဦးဖိုးဆိတ်-ဒေါ်ညွန့်စိန်)တို့၏သား၊ (ဦးဘာမှန်-ဒေါ်ခင်တင့်)တို့၏သားသမက်၊ ဒေါ်တင်ရီ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးရဲမြင့်အောင်-ဒေါ်တိုးတိုးသန်း၊ ဒေါ်စန္ဒာချို၊ ဦးလှိုင်ဋ္ဌေး-ဒေါ်မြင့်မြင့်သန်း(ခ)မသီတာချို၊ ဦးရဲတင့်အောင်- ဒေါ်ဖြူ သက်ထွေးတို့၏ဖခင်၊ မြေး (၇)ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၆:၃၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို (၂၃-၅-၂၀၂၅)ရက် (သောကြာနေ့) မွန်းလွဲ (၁:၃၀) နာရီတွင် ရေဝေးအအေးခန်းမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၂၇-၅-၂၀၂၅)ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ မွန်းတည့် (၁၂:၀၀) နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ -၂၂
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၇ နှင့်ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၉

မရှောက်ဝူ(ခ)မဝင်းဝင်းထိုက် **နှင့်** ဒေါ်နန်းဝိုးဟွမ်
**တရားနိုင်** **တရားရှုံး**

အမှတ်(၁၀၂)၊ နယ်မြေ(၁၂)၊ ရပ်ကွက်(၁)၊ အေးသာယာမြို့နေသူ တရားရှုံး ဒေါ်နန်းဝိုးဟွမ်(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၇ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးအောင်ကိုကိုမြင့် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇွန်လ ၃ ရက်(၁၃၈၇ခုနှစ်၊ နယုန်လဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ မေလ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အမည်ပြောင်း

စသိန်းနိုင်၏သား ပန်းတနော်မြို့နယ်၊အထက ရင်းတိုက်ကုန်း Grade-11အောင်မြင်သူ မောင်စောမျိုးနိုင် အမည်အား မောင်နိုင်နိုင်ထူး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာ၊ ကမ်းနားလမ်းနေ ဦးကျော်ဝဏ္ဏ၏သမီး မဆုသဒ္ဒါထက်(ခ) မစွမ်းခင်ဇေယျာကျော်သည် အခြေခံပညာအထက်တန်း အောင်လက်မှတ်(က)ပါအရ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မဆုသဒ္ဒါထက်(ခ)**
**မစွမ်းခင်ဇေယျာကျော်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ တက္ကသိုလ် ဒုတိယနှစ် ဂုဏ်ထူးတန်း(ဓာတုဗေဒဌာန)တွင် ပညာသင်ကြားနေသော မခိုင်နှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်သောင်း ဖြစ်ပါကြောင်း။

**ဦးမောင်သောင်း**
**၉/သစန(နိုင်)၁၆၀၆၂၂**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ အ-ထ-က(ခွဲ)ကျောင်း Grade-4 မှ ဦးကျော်မင်းဦး၏သား မောင်ပိုင်လင်းထက် အား ယနေ့မှစ၍ မောင်ကောင်းစည်သူ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းစည်သူ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ကျော်မင်း ၈/မကန(နိုင်)၂၀၈၈၉၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မအိုးဘိုရပ်ကွက်၊ (၆) လမ်း၊ အမှတ်(၂၄-ဘီ) အကွက်အမှတ် ၃(ခ)၊ ဦးပိုင်အမှတ် ၄၇၊ အလျား ၂၄x အနံ ၅၀ ပေ၊ ဧရိယာ(၀.၀၂၅)ဧက အကျယ်အဝန်းရှိသော နေအိမ်ဝိုင်းမြေ (၁)ကွက်နှင့် ထိုအိမ်ဝိုင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နံကပ်တစ်ထပ်တိုက် အဆောက်အအုံ (၁)လုံးတို့အား ဦးရန်ကျော်မင်းသည် ဒေါ်ခင်သီတာထွန်းထံမှဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ခွင့်ရှိသော နေအိမ်ဝိုင်းမြေနှင့် အဆောက်အအုံဖြစ်ပါသည်။ အဆိုပါ နေအိမ်ဝိုင်းမြေနှင့် အဆောက်အအုံတို့အား ဦးရန်ကျော်မင်း၏ အသိပေးခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အာမခံပေးခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့မည်ဆိုပါက တရားမဝင်ကြောင်းနှင့် ထိုသို့ပြုလုပ်ပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးချစ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၇၁)**
**အမှတ်(H-၁၈၂) မြင်သာရပ်ကွက်၊ မကွေးမြို့၊ ဖုန်း-၀၉-၄၃၀၅၃၈၈၅**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာ
# ဦးထင်အောင်
### ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### အသက်(၆၀)နှစ်

မိတ္ထီလာမြို့နေ (ဦးမျိုးလွင်-ဒေါ်သာသာ)တို့၏ သား၊ (ဦးအောင်ဖြိုး) -ဒေါ်မြင့်ကြည်တို့၏ သားသမက်၊ ဦးဇော်မင်း-ဒေါ်နွဲ့ရီ၊ ဒေါက်တာမြင့်မောင်-ဗိုလ်မှူး ဒေါ်နွဲ့နွဲ့၊ ဦးကျော်ဆွေ-ဒေါ်လဲ့လဲ့လွင်တို့၏ညီ/မောင်၊ ဦးကျော်ထက်၏အစ်ကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်၊ ပြည်တော်သာလမ်း၊ တိုင်းစည်ပင်ရုံးဝန်းနေ ဒေါ်ရီရီအောင်(စိုက်ပျိုးရေး-ငြိမ်း)၏ခင်ပွန်း၊ ဦးဖြိုးသီဟ (ဒု-ဦးစီးမှူး၊ မကွေးမြို့နယ်စည်ပင်)-ဒေါက်တာနီနီလင်းတို့၏ ဖခင် ဦးထင်အောင် (တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)သည် ၂၀-၅-၂၀၂၅ ရက် ည ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **(၉၄)စီမံ-၁ အဖွဲ့မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ် RA II/ကွက်ပြင်(၂)၊ ဦးပိုင်အမှတ် - (၁၀၁-ခ)၊ မြေဧရိယာ(၀.၄၂)ဧကအား မြေငှားဂရန် သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးအောင်ဆန်းဝင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်-၁၀/တံတားဦးအရှေ့၊ ဦးပိုင် အမှတ် (၄၅-က)၊ မြေဧရိယာ(၀. ၁၃၃)ဧကအား မြေငှားဂရန် ဦးပိုင်ခွဲ/ဂရန်အမည်ပြောင်း (စက်မှု/စီးပွား)လျှောက်ထားနိုင်ရေး (၁) ဒေါ်ဇင်မီမီအောင်၊ (၂)ဒေါ်ဖြူဖြူအောင်၊ (၃)ဦးလူဟန်၊ (၄)ဒေါ်စိမ်းမို့တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ရက်ပေါင်း (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁) ရပ်ကွက်၊ မေမြို့ လမ်း၊ မြေကွက်အမှတ် (၇၀၈) ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ ဦးထွန်းရွှေ အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်း၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟိန်းကျော် (၁၂/မရက(နိုင်)၁၁၉၉၄၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ခိုင် (၁၂/ဥကမ(နိုင်) ၀၂၇၄၀၇) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထက်ဖြိုးဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၆၅၈)**
**အမှတ်(၇၀၈/ခ)၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၄၂၀၁၃၅၃၃၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်/မွေး (၁)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ်(၂/၅/၇)ဟု ခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၇၇)၊ ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၄-၁၂-၁၉၉၇) နေ့စွဲပါ ဂရန်မြေငှားစာချုပ် အမှုတွဲအမှတ်-ဒ၀တ စိုက်မွေး(၁)/ ၁၅၈/၉၇ အရ ဦးအောင်ရှိန် ဂရန်အမည်ပေါက် ရရှိထားသော အကျယ်အဝန်း(၈၀ ပေ x ၁၂၀ ပေ)ရှိ မြေကွက်အနက်ထဲမှ ယင်းမြေကွက်၏တစ်ဝက် အကျယ်အဝန်း (၄၀ ပေ x ၁၂၀ ပေ)ရှိ ခေါင်းရင်းဘက်မြေကွက် (လမ်းမှကြည့်လျှင် ဘယ်ဘက်ခြမ်းရှိ မြေကွက်)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်း၍ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစံထွန်းအောင်(ခ)ဦးစိုးနိုင် (၁၂/သဃက(နိုင်)၀၂၀၀၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခင်သက်ထားသာ (၁၁/ကဖန(နိုင်)၀၀၀၃၇၈)နှင့် ဒေါ်စန်းစန်းရီ(၁၁/ကဖန(နိုင်) ၀၃၆၀၆၈)တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား (၂၀-၅-၂၀၂၅)ရက်တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးအေးထွန်းမောင် (LL.B) | ဦးဘုန်းမြတ်ကျော်(LL.B) |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၈၄၇၇/၂၀၁၆) | (စဉ်-၅၆၃၈၈/၂၀၂၄) |
| ဖုန်း - ၀၉-၄၂၁၇၅၅၈၄၈ | ဖုန်း - ၀၉-၇၈၂၉၂၆၉၈၈ |

**ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာ
# ဦးထင်အောင်
### ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
### အသက်(၆၀)နှစ်

မိတ္ထီလာမြို့နေ (ဦးမျိုးလွင်-ဒေါ်သာသာ)တို့၏သား၊(ဦးအောင်ဖြိုး) -ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ဦးဇော်မင်း-ဒေါ်နွဲ့ရီ၊ ဒေါက်တာမြင့်မောင်-ဗိုလ်မှူး ဒေါ်နွဲ့နွဲ့၊ ဦးကျော်ဆွေ-ဒေါ်လဲ့လဲ့လွင်တို့၏ညီ/မောင်၊ ဦးကျော်ထက်၏အစ်ကို၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြင်သာရပ်၊ ပြည်တော်သာလမ်း၊ တိုင်းစည်ပင် ရုံးဝန်းနေ ဒေါ်ရီရီအောင်(စိုက်ပျိုးရေး-ငြိမ်း)၏ခင်ပွန်း၊ ဦးဖြိုးသီဟ(ဒု-ဦးစီးမှူး၊မကွေးမြို့နယ်စည်ပင်)-ဒေါက်တာနီနီလင်းတို့၏ဖခင် ဦးထင်အောင် (မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊တိုင်းဒေသကြီးဦးစီးမှူး)သည် ၂၀-၅-၂၀၂၅ ရက် ည ၈:၄၅နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၅ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် မကွေးမြို့၊ ဝေဠုဝန်ကျောင်းဘုရားကုန်းတော်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မီးသတ်ကန်လမ်း၊ မြေကွက်အမှတ်(ခ/၃၈၈)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံ စက်ကွက်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကအကျယ်ရှိ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် RPNO-၂၆၈/V/၉၀-၉၁ အရ ဦးမျိုးမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဦးစိုင်းဆိုင်ဟန် ၁၃/တကန(နိုင်) ၂၃၄၅၈၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်ခိုင်ဦး ၁၂/တမန(နိုင်) ၀၆၁၁၀၂က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာ ရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L) (စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၇၆၄)၊ အကျယ်အဝန်း(ပေ ၄၀x ၆၀)ရှိ ဦးစိုးသန်း ၁၂/အစန(နိုင်) ၀၄၀၉၀၃ အမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ဆက်စပ်စာချုပ်များဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကိုလှမျိုးနိုင် ၈/မကန(နိုင်) ၁၂၈၇၉၃ထံမှ ကျွန်တော်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးတင်မိုးအောင်(LL.B,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၈)(၂၃-၁-၂၀၁၄)**
**အမှတ်(၁၆/A-1)၊ အရိယမဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၉၁၅၇၉၊ ၀၉-၇၈၇၂၈၇၈၈၄**

## အများသိရှိစေရန်ကြေညာခြင်း

ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၆၁)၊ ပိန္နဲပင်မြောက်ကွင်း၊ ဦးပိုင် အမှတ်(၁)၊ ဧရိယာ(၁၅.၃၆)ဧကရှိယာမြေအား မင်းလမ်း၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့နေ ဦးစိုးလွင် (ဘ) ဦးကြည်ညွှန့် ၁၃/ရစန(နိုင်)၀၀၇၆၃၉ အမည်ပါ ပုံစံ(၇)မှာ ပျောက်ဆုံးသွားပြီး အဆိုပါမြေအား ကျွန်တော် ဦးစိုးလွင် တစ်ဦးတည်းသာ ပိုင်ဆိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလွင် ၁၃/ရစန(နိုင်)၀၀၇၆၃၉**
**မင်းလမ်း၊ ဈေးတန်းရပ်ကွက်၊ ရပ်စောက်မြို့**

## အမည်ပြောင်း

ဦးစိုးလင်းဦး၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ အလက(၆) Grade-11 မှ မောင်မြင့်မြတ်အောင်အား မောင်ထက်မြတ်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် Grade-6 မှ မမေမြတ်ဖြိုးသင်းအား မကေရီမြင့်မြတ် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၂-ရပ်ကွက်၊ ရန်အောင်(၃)လမ်း၊ တိုက်အမှတ်(၃၁၁)၊ အခန်း(၁၅)နေ ဒေါ်ခိုင်မာမျိုးထွေးက Honda Insight ZE2 9K/5408 (Gray) ကားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မ ဒေါ်ခိုင်မာမျိုးထွေး နှင့် ကျွန်မ၏ခင်ပွန်း ဦးကျော်သီဟ (၁၂/ရကန(နိုင်)၀၆၉၃၆၃) တို့သည် (၁၀-၁၁-၂၀၁၁)ရက်နေ့တွင် ထိမ်းမြားခဲ့ပြီးနောက်၊ ၁၃-နှစ်အရွယ်သားတစ်ဦးနှင့် (၉)လအရွယ်သမီးတစ်ဦးတို့ထွန်းကားခဲ့ပြီး၊ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းအဖြစ် Honda Insight ZE2 9K/5408 (Gray) မော်တော်ယာဉ်(၁)စီးကိုပိုင်ဆိုင်ခဲ့ပြီး၊ အဆိုပါကားအမည်ပေါက်မှာ ဦးကျော်သီဟ ဖြစ်သော်လည်းစာရွက်စာတမ်းမူရင်းများအားလုံးသည် ကျွန်မ၏လက်ဝယ်တွင်ရှိနေပါလျက် နှင့် ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန(ကး ညး န)တောင်ဒဂုံရုံးသို့သွားရောက်စုံစမ်းရာ ဦးကျော်သီဟက ကားနှင့်ပတ်သက်သော လိုင်စင်စာအုပ် (Owner Book)နှင့်စာရွက်စာတမ်းများအားလုံးကိုပျောက်မိတ္တူလျှောက်၍ ယူဆောင်သွားကြောင်းသိရသည့်အတွက် ကျွန်မသိရှိခြင်းမရှိဘဲ အဆိုပါ မော်တော်ယာဉ်အား ရောင်း၊ ပေါင်၊ ငှားရမ်း၊ လွှဲပြောင်းခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်မ၏ခွင့်ပြုချက်မရဘဲ တစ်ဦးတည်းရောင်းချပိုင်ခွင့်မရှိသောမော်တော်ယာဉ်ဖြစ်ကြောင်း ရောင်းမှား/ဝယ်မှားမဖြစ်စေရန် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မာမျိုးထွေး**
**(၁၂/ရကန(နိုင်)၀၆၆၈၆၄)**

## မိခင်အမည်မှန်

ဦးအားဇ၏သမီး တာချီလိတ်မြို့၊ ဟောင်လိတ်(အထက)ကျောင်း Grade-12မှ မမီကု ၁၃/တခလ(နိုင်) ၁၁၂၁၄၆ ၏ မိခင်အမည်မှန်မှာ ဒေါ်ဘူးဆေ့ ဖြစ်ပါကြောင်း။ **ဒေါ်ဘူးဆေ့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/1686 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/38852, Honda C90 SDX ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းနိုင် ၉/မထလ(နိုင်) ၂၄၉၄၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/55880, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ရီ ၉/ပသက (နိုင်) ၀၅၆၃၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/9910, NISSAN CARAVAN SGE25, MINI Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစိုးလှ ၉/မနတ(နိုင်) ၀၁၉၁၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ❖ ပြည်တွင်းကုန်ပစ္စည်း ထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များ ရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိက ကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လို

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တိုက်ကြီးမွေးမြူရေးဇုန်ကို ဒေသတွင်းသာမက Export ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်း၍ အပိုင်းလိုက်၊ နှစ်အလိုက် စီမံချက်များချမှတ်၍ စနစ်တကျအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၃) စိုက်ပျိုး/မွေးမြူရေးစခန်း၌ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်နှင့် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုး/မွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ တိုက်ကြီးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အဆိုပါ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်ရ လုပ်ငန်းရှင်များ၊ တိုက်ကြီးမြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုက်ကြီးမွေးမြူရေးဇုန် ဦးဆောင်ကော်မတီဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများမှ တိရစ္ဆာန် အမျိုးအစားနှင့် အကောင်ရေ မွေးမြူရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဇုန်အတွင်း မွေးမြူရေးလုပ်ငန်း စာမျက်နှာ ၆ ကော်လံ ၁ ❖

## မန်စီးတီးက ဘုန်းမောက်ကိုအနိုင်ယူပြီး ချန်ပီယံလိဂ်ဝင်ခွင့် လက်တစ်ကမ်းအလို ရောက်လာ



မန်စီးတီးကစားသမားမာမွတ်ချ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၃၇) ပွဲကျန်မှ မန်စီးတီးနှင့် ဘုန်းမောက်အသင်း ပွဲစဉ်တွင် မန်စီးတီးအသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါပွဲစဉ်ကို မေ ၂၁ ရက် နံနက် ၁ နာရီခွဲက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည်။

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေသည့် မန်စီးတီးအသင်းသည် စာမျက်နှာ ၃၃ ကော်လံ ၁၀

ယနေ့ သတင်းအညွှန်း

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအားငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၀

**ယနေ့ကမ္ဘာ၏ဖွံ့ဖြိုးမှု စိန်ခေါ်မှုများကျော်လွှားရေး ဝိုင်းဝန်းကြိုးပမ်းပေး**

ဆောင်းပါး စာ ၁၆